စက်တင်ဘာလ၊ ၂၀၂၅ ခုနှစ်

EUROPEAN INSTITUTE OF PEACE

# ပတ်ဝန်းကျင်ဆိုင်ရာ ငြိမ်းချမ်းရေး တည်ဆောက်မှုနှင့် မူဝါဒနေရာများ စုဆုံမှုကြားရှိ အမျိုးသမီးများ၏ ပါဝင်မှုကို အတားအစီးဖြစ်စေသည့် အရာများကို စီမံကိုင်တွယ်ခြင်း

ဥရောပငြိမ်းချမ်းရေးအင်စတီကျု



# ကျေးဇူးတင်လွှာ

ဤနောက်ခံစာတမ်းသည် ဂျာမန်ဖက်ဒရယ်နိုင်ငံခြားရေးရုံး၏အကူအညီဖြင့် ဥရောပငြိမ်းချမ်းရေးအင်စတီကျုမှ ဦးဆောင်သော အတားအဆီးများကို ကျော်လွှားခြင်းနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေး(Breaking Barriers, Making Peace) စီမံကိန်း ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ မြန်မာနိုင်ငံရှိ ဂျဲန်ဒါရေးရာ နှင့် ပဋိပက္ခများ၏ ဆက်စပ်နေသည့်ဆုံရပ်ဖြစ်တည်မှုကို အဓိကထား၍ ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တုံ့ပြန်ရေး ကြိုးပမ်းမှုများတွင် အမျိုးသမီးများ ဦးဆောင်နေသည့် အခန်းကဏ္ဍနှင့် ထိရောက်စွာပါဝင်ပုံကို ဆန်းစစ်သည်။ တွေ့ရှိချက်များသည် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှု ကို အဟန့်အတား ဖြစ်စေသော အတားအဆီးများကို မီးမောင်းထိုးပြထားပြီး ပဋိပက္ခ ကာကွယ်ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် ၎င်းတို့၏ အခန်းကဏ္ဍကို မြှင့်တင်ရန် ခိုင်မာသော လုပ်ဆောင်ချက်များကို ချမှတ်ထားသည်။ ဤမှရရှိလာသည့် အသိအမြင်များသည် အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး (WPS) အစီအစဉ်ကို ကမ္ဘာတစ်ဝှမ်းတွင် တိုးတက်စေရန် ရည်ရွယ်သည့် "ရှိရင်းစွဲအခြေအနေလား သို့မဟုတ် ဆီလျော်အောင်ပြုပြင်ဖို့ ရဲရင့်တဲ့လုပ်ဆောင်ချက်လား။ ။ အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအစီအစဉ်ကို ပြန်လည်ဖော်ဆောင်ခြင်း" တွင် မူဝါဒချမှတ်သူများနှင့် လက်တွေ့လုပ်ဆောင်သူများကို သက်သေအထောက်အထားအခြေပြု အကြံပြုချက်များဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ငြိမ်းချမ်းရေးတည်ဆောက်မှုကဲ့သို့သော ဖွံ့ဖြိုးပြောင်းလဲလာနေသည့် နယ်ပယ်များတွင် အမျိုးသမီးများ၏ ထိရောက်စွာပါဝင်မှုကို မြှင့်တင်နိုင်မည့်အကြောင်းအရာများကို ပံ့ပိုးပေးပါသည်။

ဤနောက်ခံစာတမ်းကို အခြားစာတမ်းနှစ်ခုဖြစ်သည့် "အီသီယိုပီးယားနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ဆောင်စဉ်များတွင် အမျိုးသမီးများ၏ပါဝင်မှုအား ဖယ်ကျဉ်ထားမှုကိုထိပ်တိုက်ရင်ဆိုင်ခြင်း"နှင့် "ဆူဒန်နိုင်ငံတွင်အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး အစီအစဉ်ကို ပြန်လည်ဖော်ဆောင်ခြင်း" တို့နှင့်အတူ ထုတ်ပြန်ထားပါသည်။ ဤစာတမ်းများရှိ တွေ့ရှိချက်များကို ကမ္ဘာလုံးဆိုင်ရာ အစီရင်ခံစာ ဖြစ်သည့် "ရှိရင်းစွဲအခြေအနေလား သို့မဟုတ် ဆီလျော်အောင်ပြုပြင်ဖို့ ရဲရင့်တဲ့လုပ်ဆောင်မှာလား ။ ။ အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအစီအစဉ်ကို ပြန်လည်အားကောင်းရန်ဖော်ဆောင်ခြင်း"တွင်ထည့်သွင်းရေးသားထားပါသည်။

၂၅ နှစ်မြောက် တရားဝင် WPS အစီအစဉ် နီးကပ်လာသည်နှင့်အမျှ ဤအချိန်သည် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့်အရေးကြီးသောအချိန်ဖြစ်ပါသည်။ ပြန်လည်သုံးသပ်မှုများနှင့် ကတိကဝတ်များကို အသစ်ပြန်လည်လုပ်ဆောင်ခြင်း စသည်တို့ ဖြစ်ပေါ်စေလာရန် ဤသမိုင်းမှတ်တိုင်သည် အခွင့်ကောင်း တစ်ခုကို ဖန်တီးပေးနေသည့် အနေအထားဖြစ်ပါသည်။ ကမ္ဘာလုံးဆိုင်ရာ အစီရင်ခံစာ နှင့် နောက်ခံစာတမ်းများသည် နိုင်ငံတကာမူဝါဒများကို မြေပြင်တွင်ရှိသည့် အမျိုးသမီးငြိမ်းချမ်းရေးတည်ဆောက်သူများ၏ လက်တွေ့ဘဝအတွေ့အကြုံများ၊ အသိပညာနှင့် တီထွင်ဆန်းသစ်မှုများ၏ အထူးအရေးပါမှုကို အခြေပြု အလေးပေးရန် ဖော်ပြပါသည်။ ၎င်းသည် လာမည့်နှစ်များအတွင်း ပိုမို တုံ့ပြန်မှုရှိသော၊ ထိရောက်သော ပူးတွဲသ ချဉ်းကပ်မှုများကို ပုံဖော်ရာတွင် အထောက်အကူဖြစ်စေမည်ဖြစ်သည်။

မြန်မာအစီရင်ခံစာ သုတေသီများ – Flower နှင့် Valentina (ကလောင်အမည်)
အကြံပြုထားသော ကိုးကားချက်များ – Flower နှင့် Valentina, မြန်မာနိုင်ငံရှိ သဘာဝပတ်ဝန်းကျင် ပဋိပက္ခများတွင် အမျိုးသမီးများ ပါဝင်မှုအပေါ် ရှိနေသည့် အတားအဆီးများကို စီမံကိုင်တွယ်ခြင်း – နောက်ခံစာတမ်း European Institute of Peace, 2025
စစ်ဆေးသုံးသပ်သူများ – Sophia Close, Siad Darwish နှင့် Cate Buchanan
စီမံကိန်း ခန့်ခွဲမှု – Miriam Reifferscheidt (ဂျဲန်ဒါနှင့်ငြိမ်းချမ်းရေးဖော်ဆောင်ရေးဆိုင်ရာ စီမံကိန်းမန်နေဂျာ) နှင့် Pauline Chauveau (ဂျဲန်ဒါနှင့်ငြိမ်းချမ်းရေးဖော်ဆောင်ရေးဆိုင်ရာ စီမံကိန်း အရာရှိ)
အယ်ဒီတာ – Kelley Friel
ဂရပ်ဖစ်ဒီဇိုင်နာ – Dorothée Olivereau
ပုံရေးဆွဲသူ – Vidushi Yadav / Studio We are Stories.

ဘေးအန္တရာယ်များရှိသော်လည်း ရက်ရောစွာ အင်တာဗျူးများတွင် ပါဝင်ဖြေဆိုပေးခဲ့သည့် သုတေသနတွင် ပါဝင်သူများအားလုံးအား အင်စတီကျုမှ စိတ်ရင်းမှန်ဖြင့် ကျေးဇူးတင်အပ်ပါသည်။ ၎င်းတို့၏ ပါဝင်မှုများနှင့် ပံ့ပိုးကူညီမှုများသည် လေ့လာမှုအတွက် မရှိမဖြစ် လိုအပ်သည့်အတွက် အလွန်တန်ဖိုးထားကြောင်း ဖော်ပြလိုပါသည်။

ဖတ်ရှုရလွယ်ကူစေရန်အတွက် ဤအစီရင်ခံစာတစ်ခုလုံးရှိ စာသားများကို ဘယ်ဘက်သို့ ညှို၍ဒီဇိုင်းပြုလုပ်ထားပါသည်။

မူပိုင်ခွင့်ပိုင်ဆိုင်သူထံမှ အထူးခွင့်ပြုချက်မလိုအပ်ပဲ ပညာရေးဆိုင်ရာအတွက်၊ သို့မဟုတ် အကျိုးအမြတ်မယူသော ရည်ရွယ်ချက်များအတွက် ဤစာတမ်းအား တစ်ခုလုံး၊ သို့မဟုတ် တစ်စိတ်တစ်ပိုင်း အနေဖြင့် မည်သည့်ပုံစံဖြင့်မဆို မူလအရင်းအမြစ်ဖြစ်သည့် ဤစာတမ်းအား အသိအမှတ်ပြုထည့်သွင်းခြင်းအားဖြင့် ပြန်လည်ထုတ်ဝေနိုင်သည်။ ဥရောပငြိမ်းချမ်းရေးအင်စတီကျုမှ စာဖြင့်ရေးသားထားသော ကြိုတင်ခွင့်ပြုချက်မရှိပဲ ဤထုတ်ဝေမှုကို ပြန်လည်ရောင်းချရန်အတွက်ဖြစ်စေ၊ အခြား စီးပွားဖြစ်ရည်ရွယ်ချက်များအတွက် မည်သူမှ အသုံးပြုခြင်းမရှိရပါ။

မှတ်ချက်များရှိပါက ကျေးဇူးပြု၍ ဆက်သွယ်ရန် – info@eip.org

စက်တင်ဘာလ၊ ၂၀၂၅ ခုနှစ်တွင် ဥရောပငြိမ်းချမ်းရေးအင်စတီကျုမှ ထုတ်ဝေသည်။

# မာတိကာ


၁။ နိဒါန်း ၄

၁.၁ အဓိကရှာဖွေတွေ့ရှိချက်များ အကျဉ်းချုပ် ၆

၁.၂ အစီရင်ခံစာ ဖွဲ့စည်းပုံ ၆

၂။ နောက်ခံ ၇

၂.၁ အမျိုးသမီးများ၊ ပဋိပက္ခနှင့် သဘာဝပတ်ဝန်းကျင် ၇

၂.၂ ရာသီဥတု ခုခံနိုင်မှုအားနည်းခြင်းနှင့် ပဋိပက္ခ ၉

၂.၃ အမျိုးသမီးများနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ၉

၂.၄ ပြောင်းလဲလာသည့် ပါဝင်မှု ဒိုင်းနမစ်များ ၁၀

၃။ ရှာဖွေတွေ့ရှိချက်များ – အမျိုးသမီးများအတွက် ထိရောက်စွာပါဝင်နိုင်မှုကို ဟန့်တားနိုင်သော အတားအဆီးများ (နှင့် ၎င်းတို့ကို ကျော်လွှားရန်နည်းလမ်းများ) ၁၃

၃.၁ အတားအဆီး ၁ – နေရာအနှံ့ ပျံ့နှံ့လျက်ရှိသော လုံခြုံမှု ကင်းမဲ့ခြင်း ၁၃

၃.၂ အတားအဆီး ၂ – တင်းကျပ်သော လူမှုရေး-နိုင်ငံရေး စံနှုန်းများနှင့် ဂျဲန်ဒါ မညီမျှမှုများ ၁၅

၃.၃ အတားအဆီး ၃ – ဂျဲန်ဒါရေးရာ ထည့်သွင်းစဉ်းစားခြင်း မရှိ၍ ကျဉ်းမြောင်းစွာ ဖန်တီးထားသော တုံ့ပြန်မှု အစီအစဉ်များ ၁၈

၃.၄ အတားအဆီး ၄ – နိုင်ငံတကာရန်ပုံငွေဆိုင်ရာ ဦးစားပေးရမည့်အရာများ ၂၀

၄။ နိဂုံးချုပ် ၂၄

ပူးတွဲဖော်ပြချက် – သုတေသနနည်းလမ်း ၂၅

မှတ်စုများ ၂၇

# ၁။ နိဒါန်း

မြန်မာနိုင်ငံသည် အာဏာရှင်စနစ်၊ လက်နက်ကိုင် ပဋိပက္ခများ၊ ရာသီဥတုဖောက်ပြန်မှုနှင့် သဘာဝပတ်ဝန်းကျင် ပြိုလဲမှုတို့ကို ပြင်းထန်စွာ ကြုံတွေ့နေရပါသည်။ တော်လှန်ရေး လှုပ်ရှားမှုများ၊ လူသားချင်း စာနာထောက်ထားမှု တုံ့ပြန်ရေးနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်း ရေးများတွင် အမျိုးသမီးများအနေဖြင့် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လာကြသော်လည်း ၂၀၂၁ ခုနှစ် စစ်တပ် အာဏာသိမ်သည့်အချိန်မှစတင်၍ ငြိမ်းချမ်းရေးနဲ့ နိုင်ငံရေး လုပ်ငန်းစဉ်များတွင် အမျိုးသမီးများပါဝင် လုပ်ဆောင်ရန်နေရာ သိသာစွာ ကျဉ်းမြောင်းလာပါသည်။ ဤအစီရင်ခံစာသည် မြန်မာနိုင်ငံတွင် ကန့်သတ်ဝင်ရောက်မှု နည်းပါးသည့် ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးများ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး (WPS) မူဘောင်အတွင်းမှာရှိသည့် အမျိုးသမီးများ၏ ကိုယ်ပိုင်အတွေ့အကြုံများကို တင်ပြကာ ၎င်းတို့ကြုံတွေ့နေရသည့် စနစ်တကျဖြစ်တည်နေသော အတားအဆီးများနှင့်၊ ၄င်းတို့ ပိုမိုပါဝင်နိုင်မည့် ငြိမ်းချမ်းသော အနာဂတ်ကို တည်ဆောက်ရန် ကြိုးပမ်းရာတွင် အသုံးချသည့် နည်းဗျူဟာများကို မှတ်တမ်းတင်ထားသည်။

ဆယ်စုနှစ်များစွာ အာဏာရှင် အုပ်ချုပ်မှုနှင့် လက်နက်ကိုင် တိုင်းရင်းသား တော်လှန်ရေးများ အပြီးတွင် မြန်မာနိုင်ငံ၏ ၂၀၁၀/၁၁ ခုနှစ် အရပ်သား တစ်ပိုင်း အုပ်ချုပ်မှု အသွင်ကူးပြောင်းရေးသည် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး အတွက် မျှော်လင့်ချက်များ တိုးပွားလာစေခဲ့သည်။ ၂၀၁၅ ရွေးကောက်ပွဲတွင် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်က အပြတ်အသတ် အနိုင်ရခဲ့သော်လည်း တပ်မတော်သည် စစ်တပ် ခွဲတမ်း ၂၅ ရာခိုင်နှုန်းဖြင့် ပြည်ထောင်စု၊ ပြည်နယ်နှင့် တိုင်းဒေသ လွှတ်တော်များတွင် ပါဝင်ခဲ့သည်။ ၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းမှုသည် တိုးမြင့်လျက်ရှိလာသော ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံရေးနှင့် စီးပွားရေး အမြတ်အစွန်းများကို ခေတ်နောက်ပြန်ဆွဲကာ တိုင်းပြည်အား အသစ်တဖန် လက်နက်ကိင် ပဋိပက္ခများ၊ နိုင်ငံရေး ဖိနှိပ်မှုများနှင့် ဂေဟာစနစ် မတည်ငြိမ်မှုအဖြစ်သို့ ရုတ်ချည်း ကျဆင်းသွားစေခဲ့သည်။ မြန်မာ့တပ်မတော် (စစ်တပ်) သည် ဒီမိုကရေစီအစိုးရ လက်ထက်တွင် ၎င်း၏ ဩဇာဆက်လက် ယိုယွင်းလာမည်ကို စိုးရိမ်၍ ၎င်း၏အာဏာ ချုပ်ကိုင်မှုကို ခိုင်မြဲစေရန် လုပ်ဆောင်ခဲ့သည်။ အခြေခံ လူတန်းစား ပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှုနှင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလတွင်ပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် ရွေးကောက်ပွဲတွင် အပြတ်အသတ် အနိုင်ရရှိလိုက်ခြင်းများက စစ်တပ်၏ အကျိုးအမြတ်များသော (တရားဝင် နှင့် တရားမဝင်) စီးပွားရေး ပိုင်ဆိုင်မှုများ  နှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို အပြစ်ကင်းစွာ ကျူးလွန်နိုင်စွမ်း  ကို ခြိမ်းခြောက်မှုများရှိလာခဲ့သည်။ အာဏာသိမ်းမှုသည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့်ပြုလုပ်လျက်ရှိသည့် ငြိမ်းချမ်းရေး ဆွေးနွေးမှုကိုလည်း အနှောင့်အယှက် ဖြစ်စေခဲ့ပါသည်။ ငြိမ်းချမ်းရေးဆွေးနွေးညှိနှိုင်းမှုကာလအတွင်းမှာပင်၊ ဆယ်စုနှစ်များစွာ မဖြေရှင်းနိုင်သော မတရား၊ နစ်နာမှုများ၊ ဗဟိုကချုပ်ကိုင်ထားသော ဗမာ–လူများစု အုပ်ချုပ်မှုနှင့် သဘာဝသယံဇာတများအပေါ် ပြိုင်ဆိုင်မှုများသည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အချို့အား တပ်မတော်ကို ဆက်လက် လက်နက်ကိုင် ခုခံတော်လှန် တွန်းအားပေးလျှက်ရှိပြီး။  စစ်အာဏာသိမ်းပြီးနောက် နိုင်ငံတစ်ဝှမ်းလုံးတွင် အားကောင်းလာသော (အကြမ်းမဖက်နည်း နှင့် လက်နက်ကိုင်)  ဒီမိုကရေစီအတွက် လှုပ်ရှားမှုများ တိုးပွားလာမှုကြောင့် နိုင်ငံတစ်ဝှမ်းတွင် ပြင်းထန်သော ခုခံမှုများ အရှိန်မြင့်နေဆဲဖြစ်သည်။

ငြိမ်းချမ်းရေးရှရှိရေးအတွက် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်နေစဉ်ကာလအတွင်းမှာပင် ဆယ်စုနှစ်များစွာကြာမြင့်နေပြီးဖြစ်သော မဖြေရှင်းနိုင်သေးသည့် နစ်နာမှုများ၊ လူမျိုးကြီး–ဗမာလူမျိုးအများစု၏ ဗဟိုချုပ်ကိုင်မှုပုံစံနှင့် သဘာဝအရင်းအမြစ်များအပေါ် ပြိုင်ဆိုင်မှုများကြောင့် အချို့သော

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် တပ်မတော်အား လက်နက်ကိုင်ခုခံမှုများရှိနေခဲ့ခြင်းဖြစ်ပြီး ယခုအခါ စစ်အာဏာသိမ်းပြီးသည့်အချိန်တွင်  အကြမ်းမဖက်သောနည်းလမ်းဖြင့်သော်လည်းကောင်း၊ လက်နက်ကိုင်တိုက်ပွဲများဖြင့်သော်လည်းကောင်း ဒီမိုကရေစီအရေး ပြန်လည်ခုခံသည့်လှုပ်ရှားမှုများက ပိုမို အရှိန်တိုးလာခဲ့စေသည်။

ဤအကျပ်အတည်း၏ အတိုင်းအတာနှင့် ထိခိုက်နေသည့် နယ်ပယ်များကမယုံနိုင်လောက်အောင် ကြီးမားပါသည်။ စစ်တပ်အာဏာသိမ်းပြီးသည့် အချိန်မှစ၍ မြန်မာစစ်တပ် တပ်ဖွဲ့ဝင်များသည် အရပ်သား ၆,၀၀၀ ကျော်ကို သတ်ဖြတ်ခဲ့သည်။ (၂၀၂၃ ခုနှစ် ဧပြီလမှ ၂၀၂၄ ခုနှစ် ဇွန်လအတွင်း သေဆုံးမှု ၂,၄၁၄ မှုရှိပါသည်။) ယခင်နှစ်ထက် ၅၀ ရာခိုင်နှုန်း တိုးလာခဲ့သည်ကို တွေ့ရှိရသည်။

ဆက်လက်ဖြစ်ပွားနေသည့် စစ်ရေးတိုက်ခိုက်မှုများ၊ လေကြောင်းတိုက်ခိုက်မှုများနှင့် အရပ်သားများကို လက်နက်ကြီး များဖြင့် တိုက်ခိုက်ခြင်း စသည့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှု အဆင့်များအထိ ရှိနေနိုင်သည်ဟု ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းမှ ကျွမ်းကျင်သူများက သတိပေးထားသည်။

နိုင်ငံတဝှမ်းတွင် လူပေါင်း ၃ သန်းကျော် စစ်ဘေးရှောင်ရန် ရွှေ့ပြောင်းနေထိုင်ရပြီး၊ လူအယောက် သန်း ၂၀ နီးပါးသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လိုအပ်နေပါသည်။   ခန့်မှန်းခြေ လူဦးရေ ၁၅.၂ သန်း (လူဦးရေ၏ သုံးပုံတစ်ပုံခန့်) သည် အစားအသောက် မလုံလောက်မှု ကြုံတွေ့နေရသည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ (ဤအစီရင်ခံစာအတွက် ကွင်းဆင်းလေ့လာခြင်း ပြီးစီးပြီးနောက်) တွင် မြန်မာနိုင်ငံ အလယ်ပိုင်းတွင် ရစ်ချ်တာစကေး ၇.၇ အဆင့်ရှိအင်အားပြင်း ငလျင် လှုပ်ခတ်ခဲ့သည်။ ငလျင်ဒဏ်ကြောင့် အနည်းဆုံး လူဦးရေ ၃၇၂၆ ဦးခန့် သေဆုံးခဲ့ပြီး၊ ၅၁၀၅ ဦး ဒဏ်ရာရရှိခဲ့သည်။ ထို့အပြင် လူ ၁၂၉ ဦး ပျောက်ဆုံးနေဆဲဖြစ်သည်။   အဆိုပါ သဘာဝဘေးကြောင့် မြို့နယ်ပေါင်း ၅၇ ခုတွင် လူပေါင်း ၁၇ သန်းကျော် ထိခိုက်ခဲ့ပြီး၊ ၉ သန်းကျော်သည် နေထိုင်ခိုလှုံနေရာများ ပျက်စီးဆုံးရှုံးခြင်း၊ သန့်ရှင်းသော ရေရရှိမှု အကန့်အသတ်ရှိခြင်းနှင့် ဆက်သွယ်ရေး ပြတ်တောက်မှုများ အပါအဝင် ပြင်းထန်သော သက်ရောက်မှုများကို ကြုံတွေ့ခဲ့ရသည်။ ဤလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ  အဖြစ်ဆိုးတစ်ရပ် သည် အထူးသဖြင့် ထိုဖြစ်ရပ်အတွင်း အမျိုးသမီးများ၏  အခန်းကဏ္ဍမှာ ဤအစီရင်ခံစာအတွက် အရေးပါသော အချက်အလက်များကို ထပ်လောင်းဖြည့်စွက်ပေးသည်။

ဤသုတေသနပြုချက်သည် (၁) မြန်မာ့နိုင်ငံရေး၊ ငြိမ်းချမ်းရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းစဉ်များတွင် အမျိုးသမီးများ၏ ထိရောက်စွာပါဝင်မှုကို ဟန့်တားသည့် အဓိကအတားအဆီးများကို ဖော်ထုတ်ရန်နှင့် (၂) စိန်ခေါ်မှုများစွာရှိနေသော်လည်း အမျိုးသမီးများက တီထွင်ဖန်တီးထားသော မဟာဗျူဟာ နည်းလမ်းများနှင့် အလားအလာရှိသော အလေ့အကျင့်များကို ဖော်ထုတ်ရန် ရည်ရွယ်သည်။ အစီရင်ခံစာကို  ပြည်တွင်းအမျိုးသမီးအခွင့်အရေးအဖွဲ့အစည်းများမှ အများစု ရေးသားထားပြီး အင်တာဗျူး ၄၄ ခု နှင့် နိုင်ငံတစ်ဝှမ်းရှိ အမျိုးသမီးများနှင့် ပြည်ပရောက်နေသော အမျိုးသမီးများနှင့် တွေ့ဆုံမေးမြန်းမှု  အပါအဝင် ကျယ်ပြန့်သော အရည်အသွေးဆိုင်ရာ အချက်အလက်များကို အခြေခံထားသည်။ ပဋိပက္ခနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှု၏ ဂျဲန်ဒါရေးရာဆိုင်ရာ ရှုထောင့်များကို နားလည်ခြင်းနှင့် ကိုင်တွယ်ဖြေရှင်းခြင်းနိုင်ဖို့ရန် အရေးတကြီးဖြစ်သည်ကို တွေ့ရသည်။ ဤအစီရင်ခံစာသည် မြန်မာနိုင်ငံ၏ အနာဂတ်အတွက် အရေးကြီးသော အခိုက်အတန့်တွင် လုပ်ဆောင်ရန် လမ်းညွှန်မှုများပေးနိုင်သည့် အထောက်အထားများ၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် လက်တွေ့ကျသော အကြံပြုချက်များကို တင်ပြထားပါသည်။

## ၁.၁။ အဓိက ရှာဖွေတွေ့ရှိချက်များ အကျဉ်းချုပ်

ဤသုတေသနသည် မြန်မာနိုင်ငံတွင် အမျိုးသမီးများ၏ ထိရောက်စွာပါဝင်မှုအပေါ် အပြန်အလှန်ဆက်စပ်နေသော အတားအဆီး လေးခုကို ဖော်ထုတ်ခဲ့ပြီး ၎င်းတို့အား ဖြေရှင်းရန် ပစ်မှတ်ထားသည့် ဗျူဟာများကို အဆိုပြုခဲ့သည်။ အမျိုးသမီးများ၏ ထိရောက်စွာပါဝင်မှုအတွက် ဖြစ်ပေါ်နေသော အဟန့်အတားတိုင်း အား ပတ်ဝန်းကျင်အရေးကိစ္စများနှင့် ဆက်စပ်လေ့လာပြီး၊ လုပ်ဆောင်ရန် အကြံပြုချက်အားလုံးတွင် စနစ်တကျ ပေါင်းစပ်ထည့်သွင်းထားပါသည်။

- **အတားအဆီး ၁ – နေရာအနှံ့ ပျံ့နှံ့လျက်ရှိသော လုံခြုံမှု ကင်းမဲ့ခြင်း**
ဂျန်ဒါတုံ့ပြန်မှုရှိသည့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုစနစ်များ (ဒစ်ဂျစ်တယ်လုံခြုံရေးနှင့် နေရာရွှေ့ပြောင်းခြင်းဆိုင်ရာ ပံ့ပိုးကူညီမှု အပါအဝင်) ကို ကိုင်တွယ်ဖြေရှင်းရန်၊ အမျိုးသမီးများအား ၎င်းတို့ ကိုယ်ပိုင်ဘေးကင်းမှုနှင့် လုံခြုံရေးကို စီမံခန့်ခွဲနိုင်ရန် အရင်းအမြစ်များ ပေးဆောင်ရန်ဖြစ်သည်။ စစ်အင်အားတိုးချဲ့ရန်ရည်ရွယ်ချက်ဖြင့် သယံဇာတတူးဖော်ရေး လုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုသည် လူသားဘဝမလုံခြုံမှုကို ပိုမိုဆိုးရွားစေကြောင်း အသိအမှတ်ပြုရန်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားများ (အထူးသဖြင့် အမျိုးသမီးများ) ကို ကာကွယ်ရန် ကမ်းလှမ်းမှုကို အသိအမှတ်ပြုရန် လိုအပ်ပါသည်။

- **အတားအဆီး ၂ – တင်းကျပ်သော လူမှုရေး-နိုင်ငံရေး စံနှုန်းများနှင့် ဂျန်ဒါမညီမျှမှုများ**
အားလုံးပါဝင်နိုင်သော အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုများနှင့် ရေရှည်လှုပ်ရှားမှုတည်ဆောက်ခြင်းများမှတစ်ဆင့် စစ်ဘက်ဆိုင်ရာ နှင့် ဖိုဝါဒဆန်သောအယူဝါဒများကို ရင်ဆိုင်ဖြေရှင်းရန်၊ အသစ်ပေါ်ပေါက်လာသော ဖက်ဒရယ်ယူနစ်များ၏ သဘာဝ ပတ်ဝန်းကျင်နှင့် သက်ဆိုင် သော မူဘောင်များအတွင်း ဂျန်ဒါတန်းတူညီမျှမှုကို ဖွဲ့စည်းတည်ဆောက်ရန်လိုအပ်သည်။ ဂျန်ဒါ ရေးရာ တရားမျှတမှုနှင့် သဘာဝပတ်ဝန်းကျင် ခံနိုင်ရည်ရှိရေးတို့အတွက် မဟာဗျူဟာတစ်ရပ်အဖြစ် ရာသီဥတုနှင့် အရင်းအမြစ် စီမံခန့်ခွဲမှုတွင် အမျိုးသမီးများ၏ ဦးဆောင်မှုကို မြှင့်တင်ရန်လိုအပ်သည်။

- **အတားအဆီး ၃ – ဂျန်ဒါရေးရာ ထည့်သွင်းစဉ်းစားခြင်း မရှိ၍ ကျဉ်းမြောင်းစွာ ဖန်တီးထားသော အစီအစဉ်များ**
WPS နှင့် လူသားချင်းစာနာထောက်ထားမှု – ဖွံ့ဖြိုးတိုးတက်ရေး– ငြိမ်းချမ်းရေး မူဘောင်များအတွင်း ဂျန်ဒါဖြစ်တည်မှု၊ ရာသီဥတု နှင့် လူသားလုံခြုံရေးတို့ကို ထည့်သွင်းဖြေရှင်းရန်။ သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှု၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုနှင့် ဂေဟစနစ်ကာကွယ်မှုတို အမျိုးသမီးပါဝင်နိုင်ရန် Track I ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များထက် ကျော်လွန်၍ အမျိုးသမီးပါ ဝင်မှုနယ်ပယ်ကို ချဲ့ထွင်ရန်။ အထူးသဖြင့် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းနေသော နေရာများတွင် ရွှေ့ပြောင်း ခံရသည့် အမျိုးသမီးများ၏ ပါဝင်မှုနှင့်စပ်လျဉ်း စိတ်ဒဏ်ရာနှင့်သက်ဆိုင်သော အတားအဆီးများ လျော့ပါးစေရန် စိတ်ပိုင်း ဆိုင်ရာ လူမှုစောင့်ရှောက်ရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန်လိုအပ်သည်။

- **အတားအဆီး ၄ – နိုင်ငံတကာရန်ပုံငွေဆိုင်ရာ ဦးစားပေးရမည့်အရာများ**
အထူးသဖြင့် ဂျန်ဒါ၊ ပတ်ဝန်းကျင်နှင့် ငြိမ်းချမ်းရေး ကဏ္ဍဆုံရပ်များတွင်  လုပ်ဆောင်နေသော မြေပြင်ရှိ အခြေခံ အမျိုးသမီးအဖွဲ့ များအတွက် ရေရှည်၊ လိုက်လျောညီထွေရှိသော ရန်ပုံငွေများ ထောက်ပံ့ပေးနိုင်ရန် လိုအပ်သည်။ LGBTQIA+ ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တရားမျှတမှုနှင့် ဖီမိနစ် ကွန်ရက်များ အပါအဝင် ကဏ္ဍစုံညွှန့်ပေါင်းအဖွဲ့များကို ပံ့ပိုးပေးပြီး စဉ်ဆက် မပြတ် နည်းလမ်းပြထောက်ပံ့ပေးမှုများနှင့် စုပေါင်းသင်ယူမှုပုံစံများမှတစ်ဆင့် မတူကွဲပြားသော အမျိုးသမီးခေါင်းဆောင်များ၏ လမ်းကြောင်းများကို တည်ဆောက်ရန်။

## ၁.၂။ အစီရင်ခံစာ ဖွဲ့စည်းပုံ

အပိုင်း ၂ သည် ပတ်ဝန်းကျင်၊ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခတို့အကြား ဆက်နွယ်နေသောဆုံမှတ်များကို ပုံဖော်နေသော ဖွဲ့စည်းပုံ ဆိုင်ရာနှင့် နိုင်ငံရေးအခြေအနေများကို ရှင်းလင်းတင်ပြထားသည်။
အပိုင်း ၃ သည် ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် သဘာဝပတ်ဝန်းကျင် စီမံအုပ်ချုပ်မှုတွင် အမျိုးသမီးများပါဝင်ခဲ့သည့် အခန်း ကဏ္ဍများကို အဓိကထားပြီး ၎င်းတို့၏ ကိုယ်တိုင်ဆုံးဖြတ်နိုင်မှုနှင့် ခေါင်းဆောင် လှုပ်ရှားမှုဆိုင်ရာ နမူနာများကို အဓိကထား ဖော်ပြထားသည်။ အပိုင်း ၄ သည် သုတေသန၏ အဓိကတွေ့ရှိချက်များကို တင်ပြထားပြီး အမျိုးသမီးများ၏ ထိရောက်စွာပါဝင်မှု အတွက် အဓိကအတားအဆီးများကို ခွဲခြားသတ်မှတ်ကာ အကြောင်းအရာအလိုက် နယ်ပယ်လေးခုတွင် လုပ်ဆောင်နိုင်သော အကြံပြုချက်များကို ဖော်ပြထားပါသည်။

အစီရင်ခံစာတွင် ဤအတားအဆီးများကို အကျိုးအကြောင်းအခြေအနေနှင့်ဆက်စပ်ပြီး ရေရှည်တည်တန့်သော အသွင်ပြောင်းလဲ နိုင်သည့် နည်းလမ်းများဖြင့် ဖြေရှင်းရန် ပစ်မှတ်ထားသောဗျူဟာများကို အဆိုပြုခြင်းဖြင့် နိဂုံးချုပ်ထားပါသည်။ နောက်ဆက်တွဲ တွင် သုတေသနတွင်အသုံးပြုခဲ့သည့် နည်းစနစ်များအကြောင်းကို ရေးသားဖော်ပြထားသည်။

# ၂။ နောက်ခံ

## ၂.၁။ အမျိုးသမီးများ၊ ပဋိပက္ခနှင့် သဘာဝပတ်ဝန်းကျင်

**ဘောင် ၁။ ။ သယံဇာတ ထုတ်ယူမှု၊ လက်နက်ကိုင် ထိန်းချုပ်ရေးနှင့် ကချင်ဒေသခံ တော်လှန်ရေး**

တရုတ်နိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသော ကချင်ပြည်နယ်သည် ပဋိပက္ခ၊ အာဏာနှင့် သဘာဝအရင်းအမြစ်များကြား ဆက်စပ်မှုများကိုပြသည့် သာဓကပင်ဖြစ်သည်။ ၎င်းသည် ကာလရှည်ကြာ ပဋိပက္ခဖြစ်ပွားရာနေရာဖြစ်ပြီး ထောင်နှင့်ချီသော ပြည်တွင်းနေရပ်စွန့်ခွာသူများနှင့် မတူညီသောလူမျိုးစုများနေထိုင်ရာနေရာဖြစ်သည်။ ကချင်ပြည်နယ်သည် ရှားပါးမြေသတ္တုများ၊ စိုက်ပျိုးရေးလုပ်ငန်းကြီးများနှင့် အခြားသတ္တုတူးဖော်မှုပုံစံများသည် အဓိကအရင်းအမြစ်ဖြစ်ပြီး တရုတ်နိုင်ငံ၏ စီးပွားရေးစိတ်ဝင်စားမှုကို အခံရဆုံးနေရဖြစ်သည်။ စစ်တပ်နှင့်ပုဂ္ဂလိကစီးပွားရေး ကဏ္ဍနောက်ခံများနှင့် ချိတ်ဆက်ထားသော အာဏာရှိသူများ၏ စည်းကမ်းမဲ့ သတ္တုတွင်းများနှင့် သယံဇာတ စီမံခန့်ခွဲမှုညံ့ဖျင်းမှု (မြေ၊ ရေ၊ သစ်တော၊ တောရိုင်းတိရစ္ဆာန်) တို့ကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုနှင့် အသက်ဆုံးရှုံးမှုများ ဆိုးရွားစွာ ခံစားရလျက်ရှိသည်။

အာဏာသိမ်းပြီးနောက်ပိုင်း ကချင်ဒေသတွင် တရုတ်စက်မှုလုပ်ငန်းများ ကျယ်ပြန့်လာပြီး ဒေသခံပြည်သူ့စစ်များနှင့် မကြာခဏ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အချို့သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် မြေယာများမှ သယံဇာတပြန်းထန်စွာထုတ်ယူခြင်းနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်းမှ ကာကွယ်ရန် ကြိုးပမ်းခဲ့ကြသည်။ ဥပမာအားဖြင့်၊ နယ်မြေအများအပြားကို ထိန်းချုပ်ထားသည့် ကချင်လွတ်လပ်ရေးအဖွဲ့ချုပ်က လူထုဆန္ဒပြပွဲများအပြီးတွင် သတ္တုတွင်းနေရာသစ်အတွက် အစီအစဉ်များကို ရပ်ဆိုင်းခဲ့သည်။ ဤတုံ့ပြန်မှုသည် ဒေသတွင်းစိုးရိမ်မှုများကို အတိုင်းအတာတစ်ခုအထိ တုံ့ပြန်မှုရှိကြောင်း ပြသနေသော်လည်း ဘဏ္ဍာရေးဖိအားများနှင့် စီးပွားရေးမက်လုံးများသည် ဤဆုံးဖြတ်ချက်ကို ပြန်ပြောင်းနိုင်ဖွယ်ရှိသည်။ မထင်ရှားသော တိတ်တဆိတ် သတ္တုတူးဖော်ရေး လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နေပြီး လာဘ်ပေးလာဘ်ယူမှုများလည်း ပါဝင်နေကြောင်း သုတေသနတွင်ပါဝင်သူများမှ ပြောဆိုထားသည်။

မြန်မာနိုင်ငံရှိ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှု၊ လက်နက်ကိုင်ပဋိပက္ခနှင့် ဂျဲန်ဒါတန်းတူမညီမျှမှုများ၏ ဆက်စပ်မှုသည် အထူးသဖြင့် တိုင်းရင်းသားလူနည်းစုဒေသများရှိ အမျိုးသမီးများအပေါ် နက်နက်ရှိုင်းရှိုင်း ရောယှက်လျက်ရှိသော ထိခိုက်မှုရှိများကို ဖော်ထုတ်သည်။ သမိုင်းကြောင်းအရ မြန်မာနိုင်ငံ၏ ပဋိပက္ခများသည် လူမျိုးရေး ဖြစ်တည်မှု အခြေပြု ချန်လှပ်ခံရမှုမျှသာမက၊ သယံဇာတများကို ထိန်းချုပ်ခြင်းမှတစ်ဆင့် စစ်အင်အား၊ ခနဉ်စွာစုဆောင်းသည့် စနစ်ကျကျပြုလုပ်ခြင်း အကြောင်းရင်းများကလည်း တွန်းအားဖြစ်နေသည်။ မြန်မာနိုင်ငံ၏ တွင်းထွက်နှင့် သဘာဝအရင်းအမြစ်များ (မြစ်များ၊ သစ်တောများ) အများစုသည် တိုင်းရင်းသားဒေသများတွင် ရှိနေကြပြီး ၎င်းတို့ကို ကိုလိုနီခေတ်ကစ၍ ယနေ့ခေတ်အထိ စစ်အာဏာရှင်အစိုးရ အဆက်ဆက်နှင့် ၎င်းတို့၏ အထက်တန်းစားကွန်ရက်များအတွက် ဗျူဟာမြောက် စီးပွားရေးအကျိုးစီးပွားများအတွက် အရေးပါသော နေရာများဖြစ်လာသည်။

အဆိုပါ တိုင်းရင်းသားဒေသ အားပြိုင်နယ်မြေများကို စစ်တပ်မှတပ်ဆွဲခြင်း၊သိမ်းပိုက်ရန်ကြိုးစားမှုများကြောင့် အမျိုးသမီးများကို အတင်းအကျပ် နေရာရွှေ့ပြောင်းခိုင်းခြင်း၊ စီးပွားရေးအရ ဆုတ်ယုတ်အားနည်းစေခြင်းအပြင် ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှုများ ပျံ့နှံ့ ကြုံတွေ့ဖြစ်ပေါ်လာစေခဲ့သည်။ ဓလေ့ထုံးတမ်းဥပဒေများသည် အမျိုးသမီးများ မြေယာပိုင်ဆိုင်ခွင့်ကို တားမြစ်ထားပြီး၊ ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများသို့ ဝင်ရောက်လုပ်ကိုင်နိုင်မှုကို လျော့ချစေသည်။။ ၎င်းတို့ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ နယ်ပယ်များ။ မြေယာနှင့်ပတ်သက်သော ဆွေးနွေးမှုများ၊ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတအရင်းအမြစ်များ စီမံခန့်ခွဲမှုများတွင် မပါဝင်နိုင်ခြင်းသည်၊ သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးဆိုင်ရာ ပြဿနာများသည် အမျိုးသားများ၏ နယ်ပယ်သက်သက်ဖြစ်သည်ဟူသော ခံယူချက်များကြောင့်လဲဖြစ်သည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းသူများ၊ အစားအစာ စိုက်ပျိုးသူများ၊ သစ်တောမှ သစ်သီးဝလံအစားအစာရှာဖွေသူများနှင့် နိုင်ငံတစ်ဝှမ်း ဇီဝမျိုးစုံမျိုးကွဲများနှင့် သယံဇာတ ထိန်းသိမ်းသူများအဖြစ် အမျိုးသမီးများ၏ အရေးပါသော အခန်းကဏ္ဍကိုလည်း ဖျက်စီးစေသည်။

စည်းမျဉ်းစည်းကမ်းကြီးကြပ်မှု အားနည်းမှုရှိခြင်းကြောင့် ပုံစံမျိုးစုံသော ရင်းနှီးမြှုပ်နှံသူများ အတွက် လူမှုရေး သို့မဟုတ် ဂေဟဗေဒ အကာအကွယ်များကို အနည်းငယ်မျှ ထည့်သွင်းစဉ်းစားခြင်းမရှိပဲ မြန်မာနိုင်ငံ၏ သဘာဝသယံဇာတများကို ထပ်မံထုတ်ယူရန် ခွင့်ပြုသော ပတ်ဝန်းကျင်ကို ဖန်တီးပေးခဲ့သည်။ အရပ်ဘက်အဖွဲ့အစည်းများမှ စောင့်ကြည့်မှုများကို ကန့်သတ်ထားခြင်းကြောင့် ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုသည် အရှိန်မြှင့်လာကာ မြန်မာနိုင်ငံသည် သယံဇာတတူးဖော်ရေး လုပ်ငန်း ပွင့်လင်းမြင်သာမှု ပဏာမခြေလှမ်း (EITI) မှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် ယာယီရပ်ဆိုင်းခံခဲ့ရပြီးနောက် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင်အပြီးတိုင်ဖယ်ရှားခံခဲ့ရသည်။ တရားမဝင်သစ်ခိုးထုတ်မှု၊ မြေယာသိမ်းဆည်းမှုနှင့် စည်းကမ်းမဲ့သတ္တုတူးဖော်မှုများသည် ပဋိပက္ခ အခြေအနေများ၏ ပြောင်းလဲမှုသဘောတရား နှင့် ရာသီဥတုခုခံနိုင်မှုအားနည်းခြင်း နှစ်ခုလုံးကို ပိုမိုဆိုးရွားစေသည်။ သုတေသန အစီရင်ခံစာများနှင့် မီဒီယာ သတင်းများ အရ အဆိုပါ လုပ်ဆောင်မှုများသည် ကြာမြင့်စွာ မြန်မာ့စစ်တပ်နှင့် ၎င်းတို့နှင့်သက်ဆိုင်သူများ၏ အကာအကွယ်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း ဖော်ပြနေပြီး၊ သဘာဝ သယံဇာတ ထုတ်ယူရေးဇုန်အနီး နေထိုင်သော ရပ်ရွာလူထု အပေါ် ရွေးချယ်မှုမရှိဘဲ အကြမ်းဖက်မှုများ ကျူးလွန်နေကြောင်း ဖော်ပြခဲ့သည်။

အချို့သော ပြည်တွင်း တော်လှန်ရေး အဖွဲ့များသည်လည်း ၎င်းတို့၏ တော်လှန်ရေး ကြိုးပမ်းမှုများအတွက် ငွေကြေး ရှာဖွေသာ အနေဖြင့် သယံဇာတထုတ်ယူမှုများတွင် ပါဝင်နေကြကြောင်းကိုလည်း သုတေသနတွေ့ပါဝင်သူများက ဖော်ပြခဲ့သည်။ ဥပမာအားဖြင့် စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် သစ်နှင့် ဓာတ်သတ္တုရောင်းချမှုသည် လက်နက်ကိုင် အတိုက်အခံအဖွဲ့များအတွက် သိသာထင်ရှားသော ဝင်ငွေလမ်းကြောင်းတစ်ခု ဖြစ်လာသည်။ ပါဝင်သူတစ်ဦးက “အရင်တုန်းက လူတွေက ဒီ [သယံဇာတ ထုတ်ယူသုံးစွဲမှု] ဟာ သဘာဝပတ်ဝန်းကျင်အတွက် မကောင်းဘူးလို့ ပြောကြပေမယ့် အခုကတော့ တော်လှန်ရေးအတွက် လုပ်ရမယ်လို့ ပြောကြတယ်။” ဟုဆိုခဲ့သည်။

စည်းမျဉ်းစည်းကမ်းမဲ့ ထုတ်ယူမှုသည် လူမှုအသိုင်းအဝိုင်းများနှင့် ဂေဟစနစ်များကို ပျက်စီးစေလျက်ရှိသည်။ အထူးသဖြင့် စိုက်ပျိုးရေးနှင့်အခြား ဝင်ငွေရရှိနိုင်သည့် လုပ်ငန်းများလုပ်ကိုင်နေသည့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို အဓိကသက်ရောက်မှုများရှိသည်။ ဒေသအလိုက် ရေကြီးခြင်း၊ မြေပြိုခြင်းနှင့် လယ်ယာကုန်ထုတ်စွမ်းအား ကျဆင်းခြင်းတို့သည် ကျေးလက်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထိခိုက်ပျက်စီးစေပြီး လိင်အလုပ်၊ ရာဇဝတ်မှုများနှင့် လူမှုရေးမငြိမ်မသက်မှုများ တိုးမြင့်လာခြင်းသည် လူမှုစီးပွား မတည်ငြိမ်မှုကို အချက်ပြလျက်ရှိသည်။ သုတေသနတွင် ပါဝင်သူတစ်ဦးက သယံဇာတတူးဖော်ရေးဇုန်များကို “အနောက်တိုင်းတောရိုင်း” သို့မဟုတ် “ဖိုကြီးစိုးတဲ့ တောများ” အစရှိသည့် ဆင်တူသော နာမည်များဖြင့် ခေါ်ဝေါ် ဖော်ပြခဲ့သည်။

အမျိုးသားများကို သယံဇာတ တူးဖော်ရေး လုပ်ငန်းများတွင် မကြာခဏ အလွတ်သဘော အလုပ်ခန့်နေကြသော်လည်း အမျိုးသမီးများသည် ပိုမိုဆိုးရွားလာသော ပတ်ဝန်းကျင် ကျန်းမာရေး အခြေအနေအောက်တွင် လစာနည်းသော၊ မရေရာသော၊ မလုံခြုံသော အလုပ်များသို့ မကြာခဏ ပြောင်းရွှေ့စေခိုင်းခံရသည်။ သတ္တုတူးဖော်ခြင်းနှင့် စက်မှုစွန့်ပစ်ပစ္စည်းများမှ ထွက်ရှိသော အဆိပ်များသည် ဒေသတွင်း ရေအရင်းအမြစ်များကို ညစ်ညမ်းစေကာ အမျိုးသမီးများအနေဖြင့် ထိုထိတွေ့မှုဒဏ်ခံရသော မိသားစုဝင်များကို စောင့်ရှောက်ပေးရခြင်းကြောင့် အခကြေးငွေမရသော ပြုစုစောင့်ရှောက်ရမှု ဝန်ထုပ်ဝန်ပိုးများ တိုးပွားလာသည်ဟုဆိုနိုင်သည်။ အဆိုပါ ဆက်စပ်နေသော ဖိအားများ၊ စစ်အမြတ်ထုတ်ခြင်း၊ စည်းကြပ်မှုမရှိသော အရင်းအမြစ်များ ထုတ်ယူခြင်းနှင့် စစ်ဘက်ဆိုင်ရာ အုပ်ချုပ်မှု တို့သည် ဂျန်ဒါရေးရာဆိုင်ရာ အားနည်းချက်များကို ပိုမိုပြင်းထန်လာစေပြီး အမျိုးသမီးများ၏ စီးပွားရေးဆိုင်ရာ ကိုယ်ပိုင်လုပ်ပိုင်နိုင်သော အခွင့်အလန်းများကို ဆုတ်ယုတ်စေသည်။

ဤစိန်ခေါ်မှုများကြားမှ မြန်မာနိုင်ငံရှိ မတူကွဲပြားသော အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ဂျန်ဒါ၊ ပဋိပက္ခနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာတို့ ပေါင်းစုံရာစပ်ကြားတွင် လုပ်ဆောင်လျက်ရှိသည်။ သို့သော်လည်း အကြောင်းအရာအလိုက် တစ်ခုနှင့်တစ်ခုကြားဆက်သွယ်ဆောင်ရွက်မှုအားနည်းပြီး တစ်တည်းတစ်သန့်ထဲ ဆောင်ရွက်နေခြင်းကြောင်း ပူးပေါင်းဆောင်ရွက်ရန်အတွက် အကန့်အသတ်များရှိသေးသည်။ အခြေတည်သော သဘာဝပတ်ဝန်းကျင် ကာကွယ်ရေး ကွန်ရက်များသည် အမျိုးသမီးများ၏ အခွင့်အရေးနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှုတွင် ကျွမ်းကျင်သူများ အပါအဝင် ပိုမိုအခိုင်အမာရပ်တည်နေပြီးဖြစ်သည့် အရပ်ဘက်အဖွဲ့အစည်းများ(CSOs) မှ သီးခြားခွဲထုတ်လုပ်ကိုင်လေ့ရှိသည်။ အချို့သော သဘာဝအရင်းအမြစ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးတွင်ပါဝင်ဆောင်ရွက်သူများသည် ဂျန်ဒါတန်းတူညီမျှမှုကို ထိရောက်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒအတွက် အရေးမကြီးသော၊ အလှူရှင်များချမှတ်ထားသည့် လိုအပ်ချက်တစ်ခုအဖြစ်သာ ရှုမြင်ကြသည်။ တစ်ဖက်တွင်လည်း WPS အရေး တွင်ပါဝင်ဆောင်ရွက်သူများသည် တစ်ခါတစ်ရံတွင် ရာသီဥတုနှင့် ဂေဟဗေဒတရားမျှတမှုကို ၎င်းတို့၏လုပ်ပိုင်ခွင့်များအပြင်ဘက်တွင်ရှိသည်ဟု မှတ်ယူကြသည်။ ဤအပြန်အလှန် ခံယူချက်သည် မျှဝေခွဲခြမ်းစိတ်ဖြာမှုကို အကန့်အသတ်ဖြစ်စေကာ စုပေါင်းထောက်ခံအားပေးမှုကို အဟန့်အတားဖြစ်စေပြီး မြန်မာနိုင်ငံ၏ ဘက်ပေါင်းစုံ အကျပ်အတည်းများကို ပိုမိုထိရောက်စွာ တုံ့ပြန်နိုင်သည့် ဝိသေသလက္ခဏာများ စုဆုံလွှမ်းခြုံထားသော (intersectional) မဟာမိတ်များ ဖွဲ့စည်းခြင်းကို တားဆီးထားသည်။

## ၂.၂။ ရာသီဥတု ခုခံနိုင်မှုအားနည်းခြင်းနှင့် ပဋိပက္ခ

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ပြင်းထန်သော ရာသီဥတုဒဏ်ခံရမှု ဒုတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်နေသည်။ ၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းမှုကြောင့် တိုင်းပြည်၏ ညံ့ဖျင်းနေပြီးဖြစ်သော ရာသီဥတုပြောင်းလဲမှုဒဏ်ခံနိုင်ရည်အား သိသိသာသာ ပိုမိုကျဆင်းစေသည်။ ပြည်ထောင်စုအဆင့် လိုက်လျောညီထွေဖြစ်အောင်ပြုလုပ်ဆောင်ရွက်ခြင်း နှင့် ခံနိုင်ရည်ရှိရေး ဗျူဟာများကို ရပ်တန့်သွားစေခြင်း သို့မဟုတ် စွန့်လွှတ်လိုက်ရခြင်းတို့ကြောင့် ရာသီဥတု လှုပ်ရှားမှုနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးများထက် ဝင်ငွေရရှိမှုအပေါ်ကိုသာ စစ်တပ်၏ ဦးစားပေးလုပ်ဆောင်မှုကို မြင်သာစေသည်။
ယခင်က မြန်မာနိုင်ငံ၏ ရာသီဥတုဆိုင်ရာ အရေးယူဆောင်ရွက်မှုများအတွက် ပံ့ပိုးပေးခဲ့သော နိုင်ငံတကာအလှူရှင်များ နုတ်ထွက်ခြင်းကြောင့် အဖွဲ့အစည်းဆိုင်ရာပြိုလဲမှုကို ပိုမိုဆိုးရွားစေခဲ့သည်။

မကြာသေးမီကဖြစ်ပေါ်ခဲ့သော ရာသီဥတုဘေးအန္တရာယ်များသည် ဤအန္တရာယ်များ၏ ပြင်းအားနှင့် ဂျဲန်ဒါအလိုက် မည်သို့ကွဲပြားစွာသက်ရောက်နိုင်သည်ကို အတည်ပြုလိုက်သလို ဖြစ်စေသည်။ နာဂစ်ဆိုက်ကလုံးမုန်တိုင်း (၂၀၀၈) ၊ မိုကာဆိုက်ကလုံးမုန်တိုင်း (၂၀၂၃) နှင့် ၂၀၂၄ ခုနှစ်တွင် လူပေါင်း ၈၉,၀၀၀ နီးပါးကို ထိခိုက်ခဲ့သည့် တိုင်ဖွန်း ရာဂီ နှင့် ဆက်စပ်သော ပြင်းထန်သော ရေလွှမ်းမိုးမှု အသီးသီးသည် ကျယ်ကျယ်ပြန့်ပြန့် ပျက်စီးမှုများ ဖြစ်ပေါ်စေခဲ့သည်။ ဤဖြစ်ရပ်များသည် အထူးသဖြင့် နိုင်ငံမဲ့သူများနှင့် စစ်ဘေးရှောင်သူများကြားတွင် ရှိရင်းစွဲမညီမျှမှုများကို ပိုမိုပြင်းထန်လာစေသည်။ ဆိုင်ကလုန်း မိုကာ ကာလအတွင်းတွင်အထူးသဖြင့် ရိုဟင်ဂျာ အမျိုးသမီးများအတွက် သွားလာမှု ကန့်သတ်ချက်များ၊ နိုင်ငံသားဖြစ်ခွင့် မရှိခြင်းနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ချန်လှပ်ထားခြင်းတို့ကြောင့် ပို၍ထိခိုက်လွယ်ခဲ့သည်။ ၎င်းတို့အတွက် အစားအသောက်၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ခိုလှုံနေထိုင်ရာရရှိရေးတို့မှာ ပြင်းထန်စွာ အကန့်အသတ်များဖြစ်စေခဲ့သည်။

ဤအကျပ်အတည်းများကြောင့် အမျိုးသမီးများ၏ ခေါင်းဆောင်မှုစွမ်းရည်ကိုလည်း ပြသနိုင်ခဲ့သည်။ နာဂစ်မုန်တိုင်းအပြီးတွင် အမျိုးသမီးများ ဦးဆောင်သော အဖွဲ့အစည်းများသည် ဒေသန္တရ တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများတွင် အဓိက ပါဝင်ခဲ့ပြီး ဂျဲန်ဒါပေါင်းစုံအားလုံးပါဝင်သော အုပ်ချုပ်ရေးအတွက် အရပ်ဘက်နှင့် နိုင်ငံရေးဆိုင်ရာနေရာများ ဖွင့်ပေးရန် ကူညီပေးခဲ့သည်။ သို့သော် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရန် ပြောဆိုသည့် အမျိုးသမီးများကို မြန်မာစစ်တပ်၊ မြန်မာနှင့် နိုင်ငံခြားတူးဖော်ရေး လုပ်ငန်းများနှင့် လက်နက်ကိုင်အဖွဲ့များ အပါအဝင် အင်အားကြီးသော ပါဝင်လုပ်ဆောင်သူများက အန္တရာယ်ပြုခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် အကြမ်းဖက်မှုများဖြင့် တုံ့ပြန်လေ့ရှိသည်။ အချို့သော အမျိုးသမီးများအနေဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု သို့မဟုတ် အတင်းအကြပ် ကွယ်ပျောက်သွားစေရန် စသည့် ခြိမ်းခြောက်မှုများဖြင့် နှုတ်ဆိတ်ခံခဲ့ရသည်။ အခြားသူများ အထူးသဖြင့် သတင်းသမားများသည် ဖမ်းဆီးထိန်းသိမ်းခံရခြင်း သို့မဟုတ် ပြည်ပသို့ထွက်ပြေးခဲ့ရသည်။

## ၂.၃။ အမျိုးသမီးများနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ

မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် အမျိုးသမီးများ ပါဝင်ခွင့်ကို ဖွဲ့စည်းပုံနှင့် စံနှုန်းများကို ချန်လှပ်ထားခြင်းဖြင့် သမိုင်းကြောင်းအရ ကန့်သတ်ထားသည်။ အမျိုးသား အပစ်အခတ် ရပ်စဲရေး သဘောတူ စာချုပ် နှင့် ၂၀၁၇ တွင် ၂၁ ရာစု ပင်လုံ ညီလာခံ ကဲ့သို့သော အဓိက နိုင်ငံရေး ဆွေးနွေးပွဲများတွင် အမျိုးသမီး အနည်းငယ်သာ ပါဝင်ခဲ့သည်။ ဤလုပ်ငန်းစဉ်တွင် နိုင်ငံရေး ဆွေးနွေးပွဲများတွင် အမျိုးသမီးများ ပါဝင်နိုင်သည့် "သင့်တင့်လျောက်ပတ်သော အရေအတွက်" ကို နားလည်မှုရှိခဲ့သော်လည်း အရေအတွက်အတိအကျ သို့မဟုတ် ခွဲတမ်း သို့မဟုတ် ပြဋ္ဌာန်းမှု ယန္တရားကို မတည်ဆောက်ခဲ့ပါ။ အမျိုးသမီးအခွင့်အရေး အဖွဲ့အစည်းများက စဉ်ဆက်မပြတ် ထောက်ခံအားပေးနေသော်လည်း နိုင်ငံရေး သဘောထားတွင် အရေးကြီး သည်ဟု သတ်မှတ်ဖို့ ခဲယဉ်းနေဆဲဖြစ်သည်။ ခွဲတမ်းများကို တိုကင်ဆန်ခြင်း၊ လက်ရှိ အာဏာဖွဲ့စည်းပုံများကို ခြိမ်းခြောက်ခြင်း သို့မဟုတ် နိုင်ငံတကာအလှူရှင်များအတွက် လိုက်နာမှုအချက်ပြခြင်းဟုသာ
မှားယွင်းသော အမြင်များဖြင့်သာရှုမြင်ကြသည်။

ထိုစဉ်က အရပ်သားတစ်ပိုင်း အစိုးရနှင့် လက်နက်ကိုင် အဖွဲ့အစည်းများ အပါအဝင် ပြည်တွင်း သက်ဆိုင်သူများသည် နိုင်ငံရေး အရင်းအနှီးကို ဂျဲန်ဒါပါဝင်မှု နှင့် ချိတ်ဆက်ရန် တုန့်ဆုတ်နေခဲ့ကြသည်။ အပြည်ပြည်ဆိုင်ရာ သက်ဆိုင်သူများအနေဖြင့်လည်း ၎င်းတို့ ပါဝင်ခွင့်ကို ထိန်းသိမ်းရန်နှင့် အမျိုးသားအာဏာရှိသူများ မှ ဘေးဖယ်ခြင်း ခွဲခြားဆက်ဆံခြင်းမှ ရှောင်ရှားရန် ဂျဲန်ဒါရေးရာများကိုအရေးမထားပဲ ၎င်းတို့ စိတ်ကျေနပ်မှုရရှိစေရန်အတွက်သာ မကြာခဏ ဦးစားပေးခဲ့သည်။ ရလဒ်အနေဖြင့် အဓိပ္ပာယ်ပြည့်ဝသော အာရုံစိုက်မှုထက် လုပ်ငန်းစဉ်အရ ပါဝင်ခြင်းကိုသာ အာရုံစိုက်လာကြသည် – "၃၀ ရာခိုင်နှုန်း" ဆိုသည့် ဂဏန်းမှာ ခိုင်မာသောသဘောထက် သင်္ကေတတစ်ခုအဖြစ်သာ ဖြစ်လာခဲ့ခြင်းကြောင့် နောက်ဆုံးတွင် အမျိုးသမီးများအား ၎င်းတို့၏ကိုယ်ပိုင်အခွင့်အရေးဖြင့် နိုင်ငံရေးပါဝင်လုပ်ဆောင်သူများဆိုတာထက် ဖြည့်စွက်စာများအဖြစ် သာ သတ်မှတ်ခံရသည့် အမြင်ကို အားဖြည့်ပေးသလို ဖြစ်စေခဲ့သည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလအထိ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မတီအဖွဲ့ဝင် ၅၂ ဦးအနက် ၂ ဦးသာ အမျိုးသမီးများဖြစ်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟို

ကော်မတီ၏ အဖွဲ့ဝင် ၁၁ ဦးလုံးမှာ အမျိုးသားများဖြစ်သည်။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၆ ဖွဲ့ (EAOs) တွင် အဖွဲ့ဝင်တစ်ဦးသာ အမျိုးသမီးဖြစ်သည်။

ထို့ကြောင့် အမျိုးသမီးများသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ခဲ့ခြင်းရှိသော်လည်း ၎င်းတို့ကို လူမှုရေး သို့မဟုတ် "ပျော့ပျောင်းသော" ကိစ္စရပ်များတွင်သာ မကြာခဏ တစ်ဆင့်နိမ့်သလို ပါဝင်ပတ်သက်ရခြင်းက စစ်ရေးနှင့် နိုင်ငံရေး ကိစ္စများသည် အမျိုးသမီးများ၏ နယ်ပယ်ပြင်ပတွင် တည်ရှိနေသည်ဟုမြင်သော အမျိုးသားနှင့် အမျိုးသမီးများအကြားရှိ နက်ရှိုင်းသော မှားယွင်း သော အယူအဆ များ ရှိနေသည်ကို ထင်ဟပ်စေပါသည်။ အသက်အရွယ်အလိုက် အဆင့်ခွဲခြားသတ်မှတ်ခြင်း များနှင့် ဖိုဝါဒအုပ်စိုးမှုစနစ် မှ ပေါ် ပေါက်လာသောကန့်သတ်မှုများ ကြောင့် ငယ်ရွယ်သော အမျိုးသမီးများ၊ အမျိုးသားများနှင့် မတူကွဲပြားသော ဂျန်ဒါကိုခံယူထားသည့် ပုဂ္ဂိုလ်များကို ဘေးဖယ်ထားစေသည်။ တုံ့ပြန်သောနေဖြင့် အမျိုးသမီးပါဝင်သူများသည် စည်းရုံးရေးမှူးများနှင့် မဟာမိတ်များတည်ဆောက်ခြင်း၊ စာသားအဆိုပြုချက်များအား ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် မျှော်လင့်ထားသည့် ပြည်ထောင်စုငြိမ်းချမ်းရေးသဘောတူညီချက်တွင် ဂျန်ဒါရေးရာအပိုဒ်များကို ထည့်သွင်းရန် လှုံ့ဆော်ခြင်းဖြင့် ရလဒ်များကို အလွတ်သဘောလွှမ်းမိုးရန် ကြိုးပမ်းခဲ့သည်။ ဤကြိုးပမ်းအားထုတ်မှုများသည် ဉာဏ်ပညာနှင့် ဖွဲ့လုံ့လကို ပြသသော်လည်း အကန့်အသတ်တစ်ခုအတွင်းသာ ပြောင်းလဲနိုင်သော ရလဒ်များကို ရရှိခဲ့သည်။
မြန်မာနိုင်ငံရှိ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ဆောင်ချက်များတွင် အမျိုးသမီးများ၏ ပါဝင်မှုသည် ပြောင်းလဲမှု များ ရှိလာပါသည်။ ဒေသအဆင့်တွင် သိသာထင်ရှားသော တိုးတက်မှုများရှိခဲ့သော်လည်း ကဏ္ဍအသီးသီးတွင် မြင်သာထင်သာရှိသော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆောင်ရွက်မှုအစီအစဉ်များ ဖန်တီးရာတွင် 'နိုင်ငံတော်အဆင့် မူဝါဒချမှတ်ခြင်း' ၏ ပြိုင်ဆိုင်မှုသဘောသဘာဝကြောင့် တစ်စိတ်တစ်ပိုင်းအားဖြင့် နိုင်ငံအဆင့်နယ်ပယ်တွင် စိန်ခေါ်မှုများ ဆက်လက်ရှိနေပါသည်။ ဥရောပသမဂ္ဂမှ ပံ့ပိုးပြီး UN-Habitat မှ အကောင်အထည်ဖော်သည့် မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မိတ်ဖက်များ အပိုင်း ၂ (Myanmar Climate Change Alliance Phase 2) ကဲ့သို့သော အခြေခံအဆင့် အစပျိုးမှုများသည် ရာသီဥတုဆိုင်ရာ စီမံချက်ရေးဆွဲရာတွင် အမျိုးသမီးများ၏ ပါဝင်ပတ်သက်မှုကို တက်ကြွစွာ မြှင့်တင်ပေးခဲ့ပါသည်။ ဤအစီအစဉ်သည် တိုင်ပင်ဆွေးနွေးမှုများနှင့် ဆုံးဖြတ်ချက်ချခြင်းလုပ်ငန်းစဉ်များတွင် ပါဝင်သူ အနည်းဆုံး ၄၀ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ပြီး၊ ၎င်းတို့အား ရာသီဥတုလိုက်လျောညီထွေဖြစ်အောင်မှုနှင့် ခံနိုင်ရည်ရှိရေး ကြိုးပမ်းမှုများတွင် အပြောင်းအလဲ၏ အဓိကဆောင်ရွက်သူများအဖြစ် အသိအမှတ်ပြုခဲ့သည်။

## ၂.၄။ ပြောင်းလဲလာသည့် ပါဝင်မှု ဒိုင်းနမစ်များ

> "တရားမဝင်အနေနဲ့ ပြောရမယ်ဆိုရင် သူတို့ တွေ[အမျိုးသမီးတွေ]က ဦးဆောင်နေတယ်။ ဒါပေမယ့် ဒါက အပြုသဘောဆောင်တဲ့ အရာလားဆိုတာ မသိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တကယ်တော့ သူတို့က အခု လုပ်ပေးနေရတဲ့ အခန်းကဏ္ဍက နှစ်ခု၊သုံးခုလောက် ယူနေရတယ်။"

၂၀၂၄ ခုနှစ်တွင် ယခင် ထုတ်ပြန်ထားသည့် စစ်မှုထမ်းဥပဒေအား အသက်သွင်းခြင်းသည် စစ်သည်အင်အား အရေးပေါ် လိုနေသည့်အခြေအနေ လက္ခဏာတစ်ရပ်အဖြစ် လူအများအပြားက အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပြီး ဂျန်ဒါ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ အပိုင်းတွင် မတူညီသော ပတ်သက်ဆက်နွယ်မှုအသစ်များဖြစ်ပေါ်စေခဲ့သည်။ လက်နက်ကိုင် ပဋိပက္ခများ အရှိန်ပြင်းလာသည်နှင့် အမျှ အမျိုးသားများ အတင်းအကြပ် စစ်မှုထမ်းရခြင်း ကို ရှောင်နိုင်ရန်၊ နယ်စပ်ဖြတ်ကျော် ပုန်းအောင်းခြင်း သို့မဟုတ် ထွက်ပြေးကြခြင်းတို့ကြောင့် အမျိုးသမီးများအနေဖြင့် အိမ်ထောင်ဦးစီးသော်လည်းကောင်း၊ ရပ်ရွာအသိုင်းအဝိုင်းများနှင့် ကျယ်ကျယ်ပြန့်ပြန့် ကြည့်မည်ဆိုလျှင် အချို့သော ခုခံမှုစနစ်များရှိ ခေါင်းဆောင်မှုနေရာတွင် ဝင်ရောက်လုပ်ကိုင်လာကြသည်ကို တွေ့ရသည်။

ဤသို့ တာဝန်ဝတ္တရား အပြောင်းအလဲများကြောင့် အမျိုးသမီးများ၏ ဝန်ထုပ်ဝန်ပိုးများစွာ ထမ်းနေရသည့်အခြေအနေ ပိုမိုပြင်းထန်လာသည်ကို ထင်ဟပ်စေသည်။ ၎င်းတို့အနေဖြင့် အခကြေးငွေမရသော ပြုစုစောင့်ရှောက်မှုနှင့် အိမ်ထောင့်တာဝန်ဝတ္တရားများကို လုပ်ဆောင်နေရသည့်အပြင် ယခုကဲ့သို့ ရပ်ရွာလိုအပ်ချက်များကိုလည်း စီမံခန့်ခွဲရန်၊ ပုံမှန်မဟုတ်သော အုပ်ချုပ်မှုတွင် ပါဝင်ရန်နှင့် ခုခံရန်ကြိုးပမ်းမှုများကို ပံ့ပိုးပေးရန်လည်း စသည့် တာဝန်အများအပြားရှိလာကြသည်။ ဤတာဝန်များသည် သက်ဆိုင်ရာ အသိအမှတ်ပြုမှု သို့မဟုတ် ပံ့ပိုးကူညီမှုမရှိပဲ ၎င်းတို့၏ အချိန်၊ အရင်းအမြစ်များနှင့် စိတ်ပိုင်းဆိုင်ရာ အားထုတ်မှုကို ပိုမိုအားစိုက်ထုတ်ပြီး အသုံးပြုရသလို ဖြစ်စေသည်။ ထိုသို့သောအကျပ်အတည်းကြောင့် အမျိုးသမီးများ၏ ဆောင်ရွက်မှုနှင့် ခေါင်းဆောင်မှုများတွင် နေရာသစ်များ လမ်းဖွင့်ပေးစေခဲ့သလို ဖြစ်သော်လည်း၊ ထိုရရှိမှုများသည် ပင်ပန်းနွမ်းနယ်မှု၊ စွန့်စားရမှုနှင့် မရေရာမှုတို့ကို ဖြစ်ပေါ်စေသည်။

စစ်တပ်၏ထိန်းချုပ်မှုအပြင်ဘက်ရှိ ဒေသများတွင် ဖက်ဒရယ်ယူနစ်အသစ်များနှင့် ဒေသန္တရအုပ်ချုပ်ရေးဖွဲ့စည်းပုံများ စတင်ပုံဖော်လာပါသည်။ အသွင်ကူးပြောင်းရေးကာလများတွင် အမျိုးသမီးများသည် ပေါ်ထွန်းလာသောမူဝါဒများ၊ အင်စတီကျူးရှင်းများနှင့်

အုပ်ချုပ်ရေးစနစ်များတွင် ဂျန်ဒါတန်းတူညီမျှမှုကို ထည့်သွင်းရန် မြင်သာထင်သာရှိသော အခွင့်အရေးများကို ဖော်ထုတ်လျက်ရှိသည်။ အထူးသဖြင့် ဖက်ဒရယ်အခြေခံမူများ ရေးဆွဲရေး၊ နိုင်ငံတော် အဆင့် အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဒေသအလိုက် ဥပဒေမူဘောင်များ ရေးဆွဲရေးတို့ အပါအဝင် အဆင့်တိုင်းတွင် အားလုံးပါဝင်သော ဆွေးနွေးမှုများအတွက် နေရာများ တိုးလာခြင်းကို သုတေသနတွင် ပါဝင်သူများက ထောက်ပြခဲ့သည်။

ဂေဟာစနစ်ကာကွယ်ရေးနှင့် အားလုံးပါဝင်သော အုပ်ချုပ်ရေးကို ထောက်ခံအားပေးရန်အတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်သူများအဖြစ် အမျိုးသမီးများသည်  စုစည်းခဲ့ကြသည်။ အမျိုးသမီးများအဖွဲ့ချုပ် မြန်မာနိုင်ငံ (WLB) နှင့် အခြေခံလူမှုရေးကွန်ရက်များကဲ့သို့သော အဖွဲ့အစည်းများအနေဖြင့်  ရပ်ရွာပတ်ဝန်းကျင်ရှင်သန်ရေးနှင့် လူမှုရေးစည်းလုံးညီညွတ်မှုကို ခြိမ်းခြောက်သည့် သဘာဝပတ်ဝန်း ကျင်ဆိုင်ရာ ထိခိုက်မှုများနှင့်  ဂျန်ဒါရေးရာ အကျိုးသက်ရောက်မှုများ၊ စိန်ခေါ်မှုများရှိသော ရေအားလျှပ်စစ်ထုတ်ယူရန် ဆည်တည်ဆောက်ခြင်း စသည့် တူးဖော်ထုတ်လုပ်ရေးစီမံကိန်းကြီးများ မှတ်တမ်းတင်ထားသည်။ ၎င်းတို့၏ခေါင်းဆောင်မှုသည် ရေရှည်တည်တံ့ပြီး သာတူညီမျှသော ပြန်လည်ထူထောင်ရေးဖြစ်စေရန်အတွက်  ငြိမ်းချမ်းရေးတည်ဆောက်မှု၊ သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုနှင့် ရာသီဥတုလိုက်လျောညီထွေမှုဆိုင်ရာဗျူဟာများတွင် ဂျန်ဒါတုံ့ပြန်မှုဆိုင်ရာချဉ်းကပ်မှုများကို ပေါင်းစပ်ရန်လိုအပ်ကြောင်း သရုပ်ပြခဲ့ပါသည်။

WLB နှင့် အမျိုးသမီး စည်းရုံးရေး ညွန့်ပေါင်းအဖွဲ့ အပါအဝင် အမျိုးသမီးအခွင့်အရေးအဖွဲ့အစည်းများသည် အမျိုးသားစည်းလုံးညီညွတ်ရေးအစိုးရ (NUG)၏ ဖက်ဒရယ်စနစ်ဆိုင်ရာ ဂျန်ဒါအားလုံးပါဝင်သည့် ဘာသာစကားနှင့် ပြဋ္ဌာန်းချက်များကို သေချာစေရန် အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လုပ်ငန်းအဖွဲ့နှင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ သို့သော်လည်း ဂျန်ဒါဆိုင်ရာ ကတိကဝတ်များကို မကြာခဏဆိုသလို သင်္ကေတအဖြစ်သာ ဆက်လက်တည်ရှိနေစေခဲ့သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ကဲ့သို့သော အစောပိုင်းလုပ်ငန်းစဉ်များမှ အဖြစ်အပျက်များကို သင်ခန်းစာအဖြစ် ရယူရန် ပါဝင်သူများက သတိပေးခဲ့သည်။ စစ်မှန်သောပါဝင်မှုဆိုသည်မှာ စကားလုံးများထက် ပိုပါသည်။ ထိုသို့အမှန်တကယ်ဖြစ်လာစေရန် အဖွဲ့အစည်းဆိုင်ရာ တာဝန်ခံမှုနှင့် နိုင်ငံရေးဆန္ဒ လိုအပ်သည်။

အားလုံးပါဝင်နိုင်သော ဖက်ဒရယ်စီးပွားရေးမူဝါဒ အဆိုပြုချက် ဖွံ့ဖြိုးတိုးတက်ရေး အစပျိုးမှုကို အရပ်သားအဖွဲ့ ပေါင်း ၂၀ ရှိ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ ရိုဟင်ဂျာနှင့် LGBTQIA+ အသိုင်းအဝိုင်းများမှ  အမျိုးသမီးခေါင်းဆောင်များက ပူးပေါင်းဆောင်ရွက်ခဲ့သည်။   ၎င်းကို WLB မှ အကြံပြုစတင်ခဲ့ပြီး ဒေသခံ အမျိုးသမီးခေါင်းဆောင်အဖွဲ့အစည်းများ နှင့် ALTSEAN–Burma တို့မှ ပူးပေါင်း ဆောင်ရွက်အကောင်အထည် ပေးခဲ့သည်။ ဤကြိုးပမ်းမှုသည် စီးပွားရေးအုပ်ချုပ်မှုနှင့် သဘာဝအရင်းအမြစ်များ မူဝါဒချမှတ်ရာတွင်  အစဉ်အလာအရ ဖယ်ထုတ်ခံထားရသော သူများအား ရှေ့ပြေးအသံများဖြင့် ပါဝင်နိုင်ရန် ပါဝါဒိုင်နမစ်ပြောင်းလဲမှုကို ဖြစ်စေသော သာဓကကောင်းတစ်ခုဖြစ် သည်။ လူသားဗဟိုပြု ဖီမိနစ်ဝါဒီ စီးပွားရေးမူဘောင်ကို ဖော်ဆောင်နိုင်ရန် ထောက်ခံအားပေးခြင်း ပြောဆိုခြင်းမှတဆင့် NUG နှင့် တိုင်းရင်းသားလူမျိုးစုဖက်ဒရယ်ယူနစ်များ မူဝါဒဆွေးနွေးမှုများအတွင်း အကြံပြုနိုင်ရန် ကြိုးပမ်းခြင်းဖြစ်သည်။ ၎င်း၏ အရေးပါမှုမှာ ပါဝင်ပြောဆိုသည့် အကြောင်းအရာတွင်သာမက လုပ်ဆောင်လျက်ရှိသည့် လုပ်ငန်းစဉ်တွင်လည်း ကာလရှည်ကြာ ဘေးဖယ်ခံထားရသော ပါဝင်လုပ်ဆောင်သူများကို မူဝါဒအား ပုံဖော်ရန် အခွင့်အာဏာပေးပါသည်။

စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်း ဒေသကြီးရှိ လွတ်မြောက်နယ်မြေများတွင် အမျိုးသမီးများသည် NUG ၏ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ချိတ်ဆက်ထားသော ပအဖ သို့မဟုတ် ပကဖ များဖွဲ့စည်းထားသည့် အုပ်ချုပ်ရေးစနစ်များအတွင်း အမျိုးသမီးများ၏ အခန်းကဏ္ဍအသစ်များ ပါဝင်လာကြသည်။ ၎င်းတို့၏တာဝန်များတွင် ရှေ့တန်းလူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်ခြင်းနှင့် ဒေသတွင်းကာကွယ်ရေးတပ်ဖွဲ့များ (LDFs) အတွက် ထောက်ပို့ဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုများလုပ်ဆောင်နိုင်စေသည်အထိ တိုးချဲ့လာခဲ့ပါသည်။ LDF ယူနစ်တစ်ခုသည် LGBTQIA+ တစ်ဦးကို ဒုတိယတပ်မှူးအဖြစ် ခန့်အပ်ခဲ့သည်။ ဤသည်မှာ ရှားပါးပြီး “အားလုံးပါဝင်မှု”ကိုပြသသည့် အစွမ်းထက်သော လုပ်ရပ်ဖြစ်ကြောင်း သုတေသီများက မှတ်ချက်ပြုခဲ့သည်။

အာဏာသိမ်းပြီးနောက် လူငယ်ခေါင်းဆောင်မှု မြင့်တက်လာကြောင်း အင်တာဗျူးဖြေဆိုသူများက ပြောသည်။ ဤသည်မှာ သက်ကြီးသူအမျိုးသားများကိုသာ နိုင်ငံရေးတရားဝင်မှု ဦးစားပေးလေ့ရှိသည့် အသက်အရွယ်အပေါ် အခြေခံသည့် မြန်မာနိုင်ငံ၏ရှေးရိုးဖလာ အမူအကျင့်မှ ပြောင်းလဲလာခြင်း ဖြစ်သည်ဟု ဆိုနိုင်သည်။ ပြည်သူများပါဝင်ပတ်သက်မှုအတွက် အခွင့်အလမ်းသစ်များရှိနေသော်လည်း၊ လူသား ဖြစ်တည်မှုအပေါ် နက်ရှိုင်းစွာ အမြစ်တွယ်နေသော စံနှုန်းများကြောင့် နိုင်ငံရေး၊ ငြိမ်းချမ်းရေးနှင့် အုပ်ချုပ်ရေးနယ်ပယ်များမှ မည်သူက ပါဝင်နိုင်ပြီး၊ မည်သူတို့က ဖယ်ထုတ်ခံရနိုင်သည် စသည့်အခြေအနေကိုလည်း ဆက်လက်ပုံဖော်နေပါသည်။ ဂျန်ဒါဖြစ်တည်မှု၊ ဘာသာရေး၊ မသန်စွမ်းမှုနှင့် အဖွဲ့အစည်း ဆက်နွယ်မှုဆိုင်ရာတို့နှင့် ပတ်သက်သည့် ခိုင်မာသော အတွေးအခေါ်များကြောင့် “အုပ်စုတွင်း” နှင့် “အုပ်စုပြင်ပ” ဒိုင်းနမစ်များကို ပေါ်ထွက်လာနိုင်သည့် အန္တရာယ်ကို ဖြစ်စေသည်။ မွတ်ဆလင်အမျိုးသမီးများ အထူးသဖြင့် ရိုဟင်ဂျာအမျိုးသမီးများအနေဖြင့် ဖယ်ထုတ်ခံရဆုံးသူများထဲတွင် ဆက်လက်ကျန်ရှိနေသေးသည်။

LGBTQIA+ များ၊ မသန်စွမ်းသူများနှင့် တရားဝင်အဖွဲ့အစည်းဆိုင်ရာ ကျောထောက်နောက်ခံမရှိသူများကဲ့သို့သော ဘေးဖယ် ခံထားရသော အသိုင်းအဝိုင်းမှ အမျိုးသမီးများသည် နိုင်ငံရေးလုပ်ငန်းစဉ်များ၊ ဆွေးနွေးမှုများနှင့် အခြားအခွင့်အလမ်းများမှ ဖယ်ထုတ်ခံရလေ့ရှိကြောင်း သုတေသနတွင် ပါဝင်သူများက မှတ်ချက်ပြုခဲ့သည်။
LGBTQIA+ အခွင့်အရေးချိုးဖောက်မှုများကို ပဋိပက္ခ၏ ဆွေးနွေးမှုများတွင် ဆွေးနွေးလေ့မရှိကြောင်းကိုလည်း ဆွေးနွေးပွဲတွင် ပါဝင်ခဲ့သည့် non-binary တစ်ဦးမှ မှတ်ချက်ပြုခဲ့သည်။ မသန်စွမ်းအခွင့်အရေး အတွက်လှုပ်ရှားသူ ကလည်း အခြေခံ အသုံးပြုခွင့်နေရာထိုင်ခင်းများတောင်းဆိုရန် လိုအပ်ကြောင်း အစီရင်ခံတင်ပြခဲ့သည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အမှီအခိုကင်း လွတ်လပ်သောအမျိုးသမီးများသည်လည်း ဆုံးဖြတ်ချက်ချသည့်နေရာများသို့ ဝင်ရောက်ခွင့်ရရှိရန် ရုန်းကန်နေရပါသည်။



# ၃။ ရှာဖွေတွေ့ရှိချက်များ။ အမျိုးသမီးများ၏ ထိရောက်စွာပါဝင်နိုင်မှုကို ဟန့်တားနိုင်သော အတားအဆီးများ (နှင့်၎င်းတို့ကို ကျော်လွှားရန်နည်းလမ်းများ)

မြန်မာနိုင်ငံရှိ ရှည်လျားသော အကျပ်အတည်းများသည် နိုင်ငံရေး၊ ငြိမ်းချမ်းရေးနှင့် သဘာဝပတ်ဝန်းကျင် အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များတွင် အမျိုးသမီးများ ထိရောက်စွာ ပါဝင်နိုင်မှုကို လိုင်ကွဲပြားမှုအပေါ် အခြေခံသော အတားအဆီးများ ဖြစ်ပေါ်စေနေဆဲဖြစ်သည်။ လူမှုရေး–ဂေဟဗေဒစနစ် တစ်ခုလုံးတွင် အမျိုးသမီးများသည် စိတ်လုံခြုံမှုမရှိခြင်း၊ ကန့်သတ်ထားသောစံနှုန်းများ ရှိနေခြင်း၊ အဖွဲ့အစည်းဆိုင်ရာ အားနည်းချက်များနှင့် နိုင်ငံတကာ အထောက်အပံ့များကို မညီမျှစွာ ရရှိခြင်း စသည့် အချက်များ၏ ပေါင်းစပ်ဟန့်တားမှုများကို ရင်ဆိုင်နေရသည်။ ဤအပိုင်းတွင် အဓိက အတားအဆီး (၄) မျိုး နှင့် ၎င်းတို့ကို ဖြေရှင်းရန် လုပ်ဆောင်ချက်များ ကို ဖော်ပြထားသည်။

- **အတားအဆီး (၁):** နေရာအနှံ့ ပျံ့နှံ့လျက်ရှိသော လုံခြုံမှု ကင်းမဲ့ခြင်း
- **အတားအဆီး (၂):** တင်းကျပ်သော လူမှုရေး–နိုင်ငံရေး စံနှုန်းများနှင့် ဂျဲန်ဒါ မညီမျှမှုများ
- **အတားအဆီး (၃):** ဂျဲန်ဒါရေးရာ ထည့်သွင်းစဉ်းစားခြင်း မရှိ၍ ကျဉ်းမြောင်းစွာ ဖန်တီးထားသော အစီအစဉ်များ
- **အတားအဆီး (၄):** နိုင်ငံတကာရန်ပုံငွေဆိုင်ရာ ဦးစားပေးရမည့်အရာများ

## ၃.၁။ အတားအဆီး (၁) နေရာအနှံ့ ပျံ့နှံ့လျက်ရှိသော လုံခြုံမှု ကင်းမဲ့ခြင်း

> "အမျိုးသမီးများနဲ့ အမျိုးသားများအနေနဲ့ မိမိတို့ရဲ့ ဘေးကင်းလုံခြုံရေးဆိုင်ရာ ရွေးချယ်မှုများကို ကိုယ်တိုင်ပြုလုပ်နိုင်ခွင့်ရှိကြောင်း အသိအမှတ်ပြုရန် အရေးကြီးပါတယ်။ ဒါ့အပြင် အလှူရှင်တွေ သို့မဟုတ် အဖွဲ့အစည်းများအနေဖြင့် ထိုသူများ ဤရွေးချယ်မှုများကို အကောင်းဆုံး စီမံဆောင်ရွက်နိုင်ရန် အဘက်ဘက်မှ အထောက်အပံ့ပေးသင့်ပါတယ်။"

**နေရာအနှံ့ ပျံ့နှံ့လျက်ရှိသည့် လုံခြုံမှုကင်းမဲ့ခြင်းသည် အမျိုးသမီးများ၏ နိုင်ငံရေးနှင့် လူမှုရေးလုပ်ငန်းစဉ်များတွင် ပါဝင်နိုင်မှုကို ဆက်လက် ဟန့်တားလျက်ရှိသည်။** မြန်မာနိုင်ငံအတွင်းနှင့် ပြည်ပရောက် အမျိုးသမီးများသည် လေကြောင်းတိုက်ခိုက်မှုများ၊ ဒရုန်းဖြင့် ဗုံးကျဲမှုများဒဏ်မှ ရှောင်ရှားရှင်သန်ရပ်တည်ရခြင်း၊ စစ်တပ်မှ ထိန်းချုပ်ထားသော စစ်ဆေးရေးဂိတ်များကို ဖြတ်သန်းရခြင်းမှစ၍ နယ်စပ်ဒေသများတွင် ထောက်လှမ်းစောင့်ကြည့်ခံရခြင်းနှင့် အတင်းအကြပ် ငွေညှစ်ခံရခြင်း စသည့်တို့အပါအဝင် အစွန်းရောက်သော လုံခြုံရေးအခြေအနေများတွင် နေထိုင်နေကြရသည်။ စိတ်လုံခြုံမှုမရှိခြင်းသည် ပြည်သူအားလုံးကို ထိခိုက်စေသော်လည်း၊ ထိုအချက်အား အမျိုးသမီးများ၏ လှုပ်ရှားသွားလာမှုနှင့် နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ပါဝင်မှုကို ကန့်သတ်ရန် အကြောင်းပြချက်အဖြစ် အမြဲအသုံးပြုလေ့ရှိသည်။ အထူးသဖြင့် သဘာဝသယံဇာတ ပေါကြွယ်ဝသော ဒေသများတွင် စစ်တပ်များ၏ ချဲ့ထွင်မှုသည် သယံဇာတ ထုတ်ယူခြင်းနှင့် တိုက်ရိုက်ဆက်စပ်နေပြီး၊ သတ္တုတွင်းများ၊ သစ်တောပြုန်းတီးရာဒေသများနှင့် ရေအားလျှပ်စစ် စီမံကိန်းများ အနီးတွင် နေထိုင်ကြရသော အမျိုးသမီးများသည် ကိုယ်ထိလက်ရောက်ကျူးလွန်ခံရသော အန္တရာယ်များသာမက ပတ်ဝန်းကျင်ကာကွယ်ရေးနှင့် ဆက်စပ်သော ခြိမ်းခြောက်မှုများကိုပါ ရင်ဆိုင်နေရသည်။ (စစ်တပ်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ သို့မဟုတ် ပုဂ္ဂလိကကုမ္ပဏီများ၏) ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ မြေယာသိမ်းပိုက်မှုနှင့် စည်းမဲ့ကမ်းမဲ့ သယံဇာတထုတ်ယူမှုများကို ကန့်ကွက်ပြောဆိုသူ အမျိုးသမီးများသည် အနိုင်ကျင့်ခံရခြင်း၊ အတင်းအကြပ် ရွှေ့ပြောင်းခံရခြင်းနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ (GBV) အပါအဝင် ပြင်းထန်သော လက်စားချေမှု အန္တရာယ်များကို ရင်ဆိုင်ရနိုင်သည်။

**ဘက်ပေါင်းစုံမှ ပါဝင်သူများ၏ စစ်မျက်နှာဖွင့်ခြင်းများသည် ဤမညီမျှမှုများကို ပိုမိုဆိုးရွားစေသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAOs) နှင့် တော်လှန်ဆန့်ကျင်ရေးအဖွဲ့အစည်းများက နယ်မြေအချို့ကို သိမ်းပိုက်ထိန်းချုပ်လာသည်နှင့်အမျှ လက်နက်များသည် အာဏာ၏သင်္ကေတအဖြစ် ပြောင်းလဲသွားသည်။** ထို့ကြောင့် လက်နက်မရှိသူများသည် အခြေခံအခွင့်အရေးများမှ ချန်လှပ်ခံထားရခြင်း ရှိလာသည်။ သယံဇာတထုတ်ယူရေးလုပ်ငန်းများနှင့် တော်လှန်ဆန့်ကျင်ရေး အစိုးရအဖွဲ့အစည်းများအတွင်း စစ်ဘက်ဆိုင်ရာယန္တရားများ နေရာယူလာခြင်းသည် ထိန်းချုပ်နိုင်ရေးအတွက် အင်အားသုံးခြင်းကို ပုံမှန်အလေ့အထတစ်ခုအဖြစ် လက်ခံသွတ်သွင်းလာသည်။ ထိရောက်သော ကာကွယ်စောင့်ရှောက်ရေးယန္တရားများ မရှိပါက၊ ဤ

အဖွဲ့အစည်းသစ်များသည် အာဏာရှင်ဆန်သော၊ ဖိနှိပ်မှုအပေါ်အခြေခံသည့် စနစ်များကို အခြားအမည်နာမတစ်ခုဖြင့် အမြစ်တွယ်စေမည် ဖြစ်သည်။ ဤတွင် ကြီးမားသောသတ္တုတွင်းများ၊ သစ်ထုတ်လုပ်ရေးနှင့် ရေအားလျှပ်စစ်စီမံကိန်းများစသည့် ရင်းနှီးမြှုပ်နှံမှုဇုန်များတွင် လုံခြုံရေးအရ”ကာကွယ်ခြင်း” အမည်ဖြင့် စစ်ဘက်ဆိုင်ရာအဖွဲ့များ၏ မကြာခဏ ခြိမ်းခြောက်မှု၊ ဖယ်ထုတ်ခြင်းနှင့် အကြမ်းဖက်မှုများ ပါဝင်ပြီး၊ အမျိုးသမီးများဦးဆောင်သော ဆန့်ကျင်ရေးလှုပ်ရှားမှုများကို အထူးပစ်မှတ်ထားလေ့ရှိသည်။

**ဂျဲန်ဒါအခြေပြုကြမ်းဖက်မှုများ (GBV) သည် ကျယ်ပြန့်စွာဖြစ်ပွားနေပြီး စစ်တပ်လက်အောက်ရှိ နယ်မြေများတွင်သာမက တော်လှန်ရေးအဖွဲ့များ ထိန်းချုပ်ထားသော ဒေသများ တွင်မှာပါ တိုးမြင့်လာနေသည်ဟု အစီရင်ခံစာများအရ သိရသည်။** တော်လှန်ရေးခေါင်းဆောင်အချို့၏ ကာရာအိုကေဘားများကို လိင်ကိစ္စနဲ့ ညှိစွန်း နိုင်သည့်လုပ်ငန်းများနှင့် ချိတ်ဆက်၍ လုပ်ကိုင်နေခြင်း၊ အချို့သော လက်နက်ကိုင်အဖွဲ့ဝင်အနေဖြင့် လည်း ဖျော်ဖြေရေးနေရာများသို့ မကြာခဏ သွားရောက်နေခြင်း အစရှိသည့် အချက်အလက်များလည်း ပေါ်ထွက်လာခဲ့သည်။ အဆိုပါအခြေအနေများနှင့်ပတ်သက်၍ ပါဝင်သူတစ်ဦးက “သူတို့ရဲ့ အာဏာကိုအလွဲသုံးစားလုပ်ပြီး သူတို့အသိုင်းအဝိုင်းထဲက အမျိုးသမီးတွေကို ဖိနှိပ်နေကြတယ်” ဟု မှတ်ချက်ပြုခဲ့သည်။ အထူးသဖြင့် အကြမ်းဖက်သူများသည် မိမိတို့နှင့် နိုင်ငံရေးလှုပ်ရှားမှုရှုထောင့်တွင် တူညီနေပါက၊ အမျိုးသမီးများအနေဖြင့် လက်စားချေမှုကို ကြောက်ရွံ့ခြင်းကြောင့် အကြမ်းဖက်မှုများကို အစီရင်ခံရန် ဝန်လေးတတ်ကြသည်။ တရားဝင်ပြန်လည်ကုစားရေးယန္တရားများ မရှိခြင်းကြောင့်အမျိုးသမီးများသည် ပုဂ္ဂိုလ်ရေးအန္တရာယ်ရှိသည့်ကြားထဲက ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှုများ (GBV)ကို မီဒီယာများနှင့် လူမှုကွန်ရက်များပေါ်တွင် စွန့်စား၍ ထုတ်ဖော်ပြောဆိုကာ တာဝန်ယူမှုတောင်းဆိုလာကြသည်။

ပတ်ဝန်းကျင်နှင့် မြေယာအခွင့်အရေးဆိုင်ရာအရေးပါဝင်ဆောင်ရွက်နေသည့် အမျိုးသမီးများအနေဖြင့် ၎င်းတို့၏ လှုပ်ရှားမှုကြောင့်သာမက ရှုပ်ထွေးသော စစ်စီးပွားရေးစနစ်ကို ထိပါးမိသည့်အတွက်ပါ ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှုများကို ရင်ဆိုင်နေရသည်။ ဥပဒေမဲ့ သစ်ခုတ်ခြင်း၊ ရှားပါးသတ္တုတူးဖော်ခြင်း သို့မဟုတ် မြေယာသိမ်းပိုက်ခြင်းများစသည်တို့ကို ဖော်ထုတ်ခြင်းကြောင့် အတင်းအဓမ္မ နေရပ်စွန့်ခွာခံရခြင်း၊ ၎င်းတို့၏ သတင်းအချက်အလက်များ အလိုမတူပဲ ထုတ်ဖော်ခံရခြင်း နှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုခြိမ်းခြောက်ခံရခြင်း အစရှိသည့် အကျိုးဆက်များကို ဖြစ်ပေါ်စေခဲ့သည်။ ဤကဲ့သို့သော အကြမ်းဖက်မှုများကို တရားဝင်အာဏာပိုင်များနှင့် တရားမဝင် လုပ်ပိုင်ခွင့်ရှိသူများ နှစ်ဖက်စလုံးမှ ကျူးလွန်လေ့ရှိပြီး၊ ၎င်းတို့၏ ဩဇာလွှမ်းမိုးမှုသည် သဘာဝပတ်ဝန်းကျင်ကို ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းနှင့် ဆက်စပ်နေသည်။

**ဒစ်ဂျစ်တယ်ရေးရာလုံခြုံမှုမရှိခြင်းသည် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုများကို ထပ်မံခြိမ်းခြောက်လျက်ရှိသည်။** အွန်လိုင်းပလက်ဖောင်းများသည် အထူးသဖြင့် လူငယ်ခေါင်းဆောင်များ၊ ရိုဟင်ဂျာများနှင့် အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) ဝန်ထမ်းများအကြား အကျိုးသက်ရောက်မှုရှိသော စည်းရုံးလှုံ့ဆော်မှုများနှင့် နိုင်ငံတကာချိတ်ဆက်မှုများ ကို ဖြစ်ပေါ်စေသော်လည်း၊ ထိုအွန်လိုင်းနေရာများသည် ပစ်မှတ်ထားခံရသော အကြမ်းဖက်မှုများအတွက် လမ်းကြောင်းဖွင့်ပေးလျက်လည်း ရှိသည်။ အမျိုးသမီးလှုပ်ရှားသူများသည် ၎င်းတို့၏ ကိုယ်ရေးကိုယ်တာအချက်အလက်များ ထုတ်ဖော်ခံရခြင်း၊ AI နည်းပညာဖြင့် ဖန်တီးထားသော အတုအယောင်လိင်ပိုင်းဆိုင်ရာအကြောင်းအရာများ တို့ကို ရင်ဆိုင်နေရပြီး၊ ဤသို့သော နည်းလမ်းများသည် ၎င်းတို့အား အရှက်ရစေရန်နှင့် နှုတ်ပိတ်ထားရန် ရည်ရွယ်ခြင်းဖြစ်သည်။ ၂၀၂၂ နှောင်းပိုင်း ထုတ်ပြန်ချက်များအရ၊ အာဏာသိမ်းပြီးချိန်နှင့်နှိုင်းယှဉ်ပါက မြန်မာနိုင်ငံရှိ အမျိုးသမီးများအပေါ် အွန်လိုင်းအကြမ်းဖက်မှုများ ငါးဆအထိ တိုးလာခဲ့သည်။ တယ်လီဂရမ် (Telegram) အက်ပလီကေးရှင်းသည် အမျိုးသမီးများကို ပစ်မှတ်ထားသော ဂျဲန်ဒါအကြမ်းဖက်မှုများ၏ အဓိကဗဟိုချက်ဖြစ်လာခဲ့ပြီး၊ ကမ္ဘာ့ပျမ်းမျှထက် များစွာပိုမိုမြင့်မားသော ရှုတ်ချခြင်းနှင့် ခြိမ်းခြောက်မှုများ ရှိနေသည်။ “အွန်လိုင်းအရေးပေါ်ဝန်ဆောင်မှု (online ambulance)” ကဲ့သို့သော အခြေခံလူထုဆောင်ရွက်မှုများက အကူအညီပေးရန် ကြိုးစားနေသော်လည်း၊ လူမှုကွန်ရက်လက်ဖောင်းများအတွက် ဤသို့အရေးပေါ်အခြေအနေများကို ထိထိရောက်ရောက် ဖြေရှင်းနိုင်သည့် စွမ်းဆောင်ရည်မရှိခြင်း သို့မဟုတ် ဆန္ဒမရှိခြင်းတို့ကြောင့် ပြဿနာမှာ ဆက်လက်တည်ရှိနေဆဲဖြစ်သည်။

## ဤအတားအဆီးကို ဖြေရှင်းရန်နှင့် ကျော်လွှားရန် လုပ်ဆောင်ချက်များ

၁။ **ဒစ်ဂျစ်တယ်ကာကွယ်ရေးစနစ်များ အားကောင်းလာစေရန်ဆောင်ရွက်ရမည်။** နိုင်ငံရေး ပါဝင်ဆောင်ရွက်နေသူများအတွက် ၎င်းတို့၏ နည်းပညာဆိုင်ရာ အရည်အချင်းများ နှင့် ဒစ်ဂျစ်တယ်လုံခြုံရေး တိုးတက်စေရန် အချိန်နှင့်တပြေးညီ ပူးပေါင်းဒီဇိုင်းရေးဆွဲထားသော စွမ်းရည်မြှင့်တင်မှုနှင့် ဒစ်ဂျစ်တယ်ခုခံရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရမည်။ ၎င်းတွင် စောင့်ကြည့်ခံရမှုအန္တရာယ်များ နှင့် VPN အကန့်အသတ်များ ကို ကိုင်တွယ်ဖြေရှင်းခြင်းလည်း ပါဝင်သည်။ အမျိုးသမီး

အခွင့်အရေးအဖွဲ့အစည်းများသည် ဒစ်ဂျစ်တယ်ကာကွယ်ရေးနှင့် လုံခြုံရေးစရိတ်များ၊ ရေရှည်ထောက်ပံ့မှုများနှင့် အန္တရာယ်များကို ကျော်လွှားရန် စုပေါင်းဗျူဟာများ အတွက် ငွေကြေးထောက်ပံ့မှုတောင်းခံသင့်သည်။ ထို့နောက် အစိုးအစဉ်များတွင် မြေယာသိမ်းဆည်းခံရခြင်းနှင့် သယံဇာတထုတ်ယူမှုနှင့် ဆက်စပ်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများကို သဘာဝပတ်ဝန်းကျင်ကာကွယ်သူ အမျိုးသမီးများအနေဖြင့် အစီရင်ခံနိုင်ရန် လုံခြုံသော ဆက်သွယ်ရေးလမ်းကြောင်းများ ရရှိရေးကို ဦးစားပေးဆောင်ရွက်သင့်သည်။

**၂။ ဘက်ပေါင်းစုံပါဝင်သည့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် အန္တရာယ်များမျှဝေခြင်းတို့ကို စနစ်တကျပြုလုပ်ဆောင်ရွက်ပါ။**
ဘက်ပေါင်းစုံပါဝင်သည့် ဘေးအန္တရာယ်စီမံခန့်ခွဲမှု ချဉ်းကပ်နည်းကို လုပ်ဆောင်ရာတွင် စာရင်းထဲရှိသည့် လုပ်ဆောင်ရာမည့် အရာများကို ရေးခြစ်နိုင်အောင် လိုက်လံလုပ်ဆောင်ခြင်းထက် ပိုမိုကျယ်ပြန့်ပါသည်။ ၎င်းတွင် စိတ်ကျန်းမာရေး၊ ကိုယ်ရေးကိုယ်တာ ဂုဏ်သိက္ခာဆိုင်ရာ အန္တရာယ် နှင့် လူကိုယ်တိုင် ဘေးကင်းလုံခြုံရေး အပါအဝင် ဂျဲန်ဒါအပေါ် အခြေခံသော အန္တရာယ်အမျိုးမျိုးကို အသိအမှတ်ပြုရမည်။ အမျိုးသမီးအခွင့်အရေးအဖွဲ့အစည်းများသည် ၎င်းတို့ မျှော်မှန်းထားသော အန္တရာယ်များကို ပွင့်လင်းစွာ ဖော်ပြနိုင်သည့် အခွင့်အရေး ရှိသင့်ပြီး ကျယ်ကျယ်ပြန့်ပြန့် အဓိပ္ပာယ်ဖွင့်ဆိုခွင့် ရှိသင့်သည်။ အန္တရာယ်များအကြောင်း မျှဝေဆွေးနွေးခြင်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့်၊ အလှူရှင်များသည် နေရပ်ပြောင်းရွှေ့ခြင်း၊ ဥပဒေရေးရာစရိတ်၊ VPN အသုံးပြုခွင့်၊ ကလေးပြုစုစောင့်ရှောက်ရေး နှင့် စိတ်ကျန်းမာရေးထောက်ပံ့မှု တို့အတွက် ဂျဲန်ဒါတုံ့ပြန်မှုနှင့်လိုက်လျောညီထွေဖြစ်စေရန် လုံခြုံရေးဘတ်ဂျက်များကို ပံ့ပိုးသင့်သည်။ ဖြစ်နိုင်ပါက၊ စစ်ဘက်ဆိုင်ရာအဖွဲ့များ သို့မဟုတ် အာဏာရှိသူများ၏ စီးပွားရေးအကျိုးစီးပွားများတွင် ပါဝင်ရင်ဆိုင်နေရသော သဘာဝပတ်ဝန်းကျင်ကာကွယ်သူ အမျိုးသမီးများအတွက် သီးသန့်နေရပ်ပြောင်းရွှေ့မှုထောက်ပံ့ရေးကို ထည့်သွင်းသင့်သည်။ ၎င်းတို့ကို UN၏ ရှိပြီးသော အစီအစဉ်များ၊ NGO အသင်းအဖွဲ့များ သို့မဟုတ် CSO များအား တိုက်ရိုက်ထောက်ပံ့သည့် ရန်ပုံငွေများတွင် ပေါင်းစည်းထည့်သွင်းထားနိုင်သည်။ ဤသို့ပြုလုပ်ခြင်းဖြင့် အမျိုးသမီးများသည် အချိန်နှင့်တစ်ပြေးညီဖြစ်ပေါ်နေသည့် အန္တရာယ်များနှင့် ခြိမ်းခြောက်မှုများကို ပိုမိုအာရုံစိုက်နိုင်မည်ဖြစ်ပြီး အစီအစဉ်များကို အဆက်မပြတ်ညှိနှိုင်းနေရသည့် အခြေအနေမှ လွတ်မြောက်နိုင်မည်ဖြစ်သည်။

အလှူရှင်များနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (INGOs) သည် အမျိုးသမီးများအား ၎င်းတို့၏ ဘေးကင်းလုံခြုံရေးကို ကိုယ်တိုင်စီမံနိုင်ရန် အရင်းအမြစ်များနှင့် လုပ်ပိုင်ခွင့်များ ပေးအပ်ခြင်းဖြင့် ၎င်းတို့ကို စွမ်းဆောင်ရည်မြှင့်တင်ပေးရန် အခွင့်အလမ်းများကို ရှာဖွေသင့်ပါသည်။ ဤသို့ပြုလုပ်ခြင်းဖြင့် အမျိုးသမီးများသည် ပိုမိုတည်တံ့စွာ အာရုံစူးစိုက်နိုင်ပြီး ထိရောက်သည့် နိုင်ငံရေးပါဝင်မှုများကို ပြုလုပ်နိုင်မည်ဖြစ်သည်။ ဤနည်းလမ်းဖြင့်သာ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများသည် အမျိုးသမီးများအား အရေးကြီးသောအသုံးပြုစရာများ၊ နည်းပညာဆိုင်ရာစွမ်းရည်များ နှင့် အခြေခံအုတ်မြစ်များကို ရရှိစေကာ ၎င်းတို့၏ ယုံကြည်မှုကို တိုးမြှင့်စေပြီး လုံခြုံရေးကိုလည်း ကာကွယ်ပေးနိုင်မည်ဖြစ်သည်။ ဤအချက်များသည် အမျိုးသမီးများ၏ အဓိပ္ပာယ်ရှိသော ပါဝင်မှုအတွက် အရေးပါသော အချက်အလက်များဖြစ်သည်။

---

## ၃.၂။ အတားအဆီး (၂) တင်းကျပ်သော လူမှုရေး–နိုင်ငံရေး စံနှုန်းများနှင့် ဂျဲန်ဒါတန်းတူမညီမျှမှုများ

**လူမှုရေး၊ နိုင်ငံရေးနှင့် လူသားချင်းစာနာထောက်ထားရေးနယ်ပယ်များတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်နေသော်လည်း နက်ရှိုင်းစွာ အမြစ်တွယ်နေသော ဂျဲန်ဒါပိုင်းဆိုင်ရာလူမှုရေးစံနှုန်းများသည် ၎င်းတို့၏ တရားဝင်မှုနှင့် ခေါင်းဆောင်မှုစွမ်းရည်ကို ဆက်လက်အားနည်းစေနေဆဲဖြစ်သည်။** မြန်မာ့အာဏာဖီဆန်ရေးသံတမာတွင် "တော်လှန်ရေးသည်သာ ပထမ အခြားအရာများသည် နောက်မှ" ကဲ့သို့သော ဆောင်ပုဒ်များသည် ဂျဲန်ဒါတန်းတူညီမျှမှု၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာတရားမျှတမှု နှင့် လူမှုရေးပြောင်းလဲမှုများကို အချိန်အတော်ကြာ နောက်ဆုံးဦးစားပေးအဖြစ် သတ်မှတ်ထားသည့် ဦးစားပေးမှုအဆင့်အတန်းကို ထင်ဟပ်စေသည်။ ဤအဆင့်ဆင့်ပြောင်းလဲမှုဝါဒ သည် အဓိကပြောင်းလဲမှုများကို ဟန့်တားထားစေပြီး လက်ရှိအခြေအနေရပ်များကိုသာ ပိုမိုခိုင်မာစေသည်။ အပြည်ပြည်ဆိုင်ရာ ဂျဲန်ဒါတန်းတူညီမျှမှုနှင့် ပဋိပက္ခဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးသည် "အမျိုးသမီးများ၏ပါဝင်မှုနှင့် ဂျဲန်ဒါတန်းတူညီမျှမှုသည် တော်လှန်ရေး၏ဗဟိုတွင် ရှိရမည်၊ သို့မဟုတ်ပါက တော်လှန်ရေး ကျရှုံးမည်" ဟုအကြံပြုထားသည်။

**စစ်ဘက်ဆန်သော တန်ဖိုးများသည် မူလအားဖြင့်ပင် ဂျဲန်ဒါကိုအခြေပြုဖြစ်နေသည်။ ၎င်းတို့သည် ရာထူးအဆင့်အတန်း၊ အာဏာစက် နှင့် အင်အားသုံးခြင်းကို မြှင့်တင်စေပြီး ပူးပေါင်းဆောင်ရွက်မှု၊ အားလုံးပါဝင်နိုင်မှု နှင့် စောင့်ရှောက်မှု တို့ကို နောက်ချန်ထားလေ့ရှိသည်။** ပါဝင်သူတစ်ဦးအနေဖြင့် "ကျွန်မတို့ တော်လှန်ရေးလုပ်တဲ့အခါ ဆန့်ကျင်နေတာက စစ်တပ်

ကိုယ်တိုင်ပါ။ စစ်ဝါဒကို ဆန့်ကျင်နေတာမဟုတ်ဘူး… တော်လှန်ရေးပြီးရင် အဲဒီစစ်ဝါဒကို ဆက်တိုက်မယ်"ဟုမှတ်ချက်ပေးခဲ့ပါသည်။ စစ်ဝါဒကို (စစ်တပ်ဆိုသည့် အဖွဲ့အစည်းတစ်ခုတည်းမဟုတ်ဘဲ) အတွေးအခေါ်တစ်ရပ်အဖြစ် စိန်ခေါ်မှုမရှိပါက၊ နိုင်ငံရေးအဖွဲ့အသစ်များသည် ၎င်းတို့ ဖြိုဖျက်ရန်ရည်ရွယ်ထားသည့် ဖိနှိပ်မှုအခြေပြု ဖွဲ့စည်းပုံများကို ပြန်လည်မွေးဖွားနိုင်သည့် အန္တရာယ်ရှိသည်။

**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် နိုင်ငံရေးလှုပ်ရှားမှုများသည်လည်း ဤဖိနှိပ်မှုအခြေပြု ဖိုဝါဒီလူမှုရေးစံနှုန်းများကို ပြန်လည် အသုံးပြုလျက်ရှိသည်။** "လူမျိုးဦးစားပေး" ဆိုသည့် နိုင်ငံရေးလှုံ့ဆော်သံသည် အထူးသဖြင့် တိုင်းရင်းသားပြည်နယ်များတွင် ရှည်လျားစွာ အသုံးတည့်ခဲ့သော်လည်း၊ ဂျဲန်ဒါအခြေပြုမညီမျှမှုဆိုင်ရာ ဆွေးနွေးမှုများကို အချိန်ဆွဲထားခဲ့သည်။ ထို့ကြောင့် မိမိတို့ကိုယ်တိုင် ဘေးဖယ်ခံနေရသော လှုပ်ရှားမှုများအတွင်း အမျိုးသမီးများကို ပိုမိုဘေးဖယ်ခံရစေသည်။ အချို့သောဖြစ်ရပ်များတွင် ဆယ်စုနှစ်များစွာ အတွေ့အကြုံရှိသူများပင် အရေးမစိုက်ခံရဘဲ ရှိနေသည်။ ကချင်အမျိုးသမီးတစ်ဦး၏ ပြောကြားချက်အရ အိမ်ထောင်ပြု၍ ကလေးများအားပြုစုပျိုးထောင်ပြီးနောက် သူမအား လက်နက်ကိုင်အဖွဲ့အတွင်း ယခင်တာဝန်များကို ပြန်လည်ထမ်းဆောင်ရန် မသင့်တော်ဟု သတ်မှတ်ခံခဲ့ရသည်ဟု သိရသည်။ ဤအဆင့်အတန်းစနစ်များသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်မှုများကိုလည်း ပုံဖော်လျက်ရှိသည်။ မြေယာအသုံးချမှု၊ ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့သော အလေ့အကျင့်များတွင် နက်ရှိုင်းသော ကျွမ်းကျင်မှုရှိသော်လည်း သဘာဝအရင်းအမြစ်အုပ်ချုပ်ရေးတွင် အမျိုးသမီးများ၏ ဦးဆောင်မှုကို တန်ဖိုးမထားဘဲ ဘေးဖယ်ထားလေ့ရှိသည်။ ဖိနှိပ်မှုအခြေပြု လူမှုရေးစံနှုန်းများအရ အထူးသဖြင့် ပဋိပက္ခများရှိနေပြီး အရင်းအမြစ်ကြွယ်ဝသော ဒေသများတွင် မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များသည်အမျိုးသားများ လွှမ်းမိုးထားသည့် နည်းပညာဆိုင်ရာ သို့မဟုတ် စစ်ရေးဆန်သော နယ်ပယ်များဖြစ်သည်ဟူသော အယူအဆကို ပိုမိုအားဖြည့်ပေးသည်။

**ဂျဲန်ဒါစံနှုန်းများသည် အထူးသဖြင့် ရာသီဥတုလုပ်ဆောင်ချက်နှင့် သဘာဝအရင်းအမြစ်အုပ်ချုပ်ရေးကဲ့သို့သော နယ်ပယ်များတွင် အမျိုးသမီးများ၏ ခေါင်းဆောင်မှုကို အသိအမှတ်ပြုပုံကို ကန့်သတ်ထားသည်။ ထိုနယ်ပယ်များတွင် ၎င်းတို့၏ ပါဝင်ဆောင်ရွက်မှုများကို နိုင်ငံရေးဆိုင်ရာ လုပ်ပိုင်ခွင့်အဖြစ်ထက် စောင့်ရှောက်မှု၏ တိုးချဲ့ကဏ္ဍအဖြစ် အများအားဖြင့် ရှုမြင်ကြသည်။** ပါဝင်သူတစ်ဦး၏ ပြောပြချက်အရ "ဌာနေတိုင်းရင်းသူ အမျိုးသမီးတွေက သူတို့ရဲ့ ဂေဟစနစ်များအပေါ်မှာ နက်ရှိုင်းတဲ့ အသိပညာရှိပြီး ပဋိပက္ခနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ယိုယွင်းမှုများကြားမှာ လူမှုအသိုက်အဝန်းရဲ့ ဒဏ်ခံနိုင်မှုကို ထိန်းသိမ်းရာမှာ အဓိကအခန်းကဏ္ဍကနေ ပါဝင်နေကြပေမဲ့လည်း ဆုံးဖြတ်ချက်ချမှတ်ရာနေမှာတော့ အသိအမှတ်မပြုခံရသလောက်ပဲ" ဟု ဆိုသည်။ ထိုအစား အမျိုးသမီးများအနေဖြင့် ၎င်းတို့ကို အကောင်အထည်ဖော်မှုကို ပံ့ပိုးအားဖြည့်ရန်သာ သတ်မှတ်ထားကြပြီး ၎င်းတို့၏ဘဝများကို သက်ရောက်မှုရှိသော မူဝါဒများ သို့မဟုတ် အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းပုံများကို ပုံဖော်ရန် ဖိတ်ကြားခြင်းမခံရပါ။ ဤအပြုအမူများအရ အမျိုးသမီးများ၏ လုပ်ဆောင်မှုများကို တန်ဖိုးနှိမ့်ချကာ ခေါင်းဆောင်မှုသည် အမျိုးသားများ၏ နယ်ပယ်သာဖြစ်သည်ဟူသော အမြင်ကို ဆက်လက်ဖြစ်ပေါ်စေပြီး ဤအဖြစ်အပျက်များသည် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ တာဝန်များကို အမျိုးသမီးများကိုယ်တိုင် ထမ်းဆောင်ရသော နေရာများတွင်ပင် ဖြစ်ပေါ်လျက်ရှိသည်။

**မြန်မာနိုင်ငံရှိ အမျိုးသမီးများအား သရုပ်ဖော်ရာတွင် ထိခိုက်ခံစားခံရသူများဟူသော အမြင်များက လွှမ်းမိုးနေပြီး ၎င်းတို့၏ မဟာဗျူဟာမြောက်လုပ်ပိုင်ခွင့်များနှင့် လူမှုအသိုက်အဝန်း ခေါင်းဆောင်မှုများကို ဖုံးကွယ်ထားခြင်းခံနေရသည်။** ရာသီဥတုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆွေးနွေးမှုများတွင် အမျိုးသမီးများအား သစ်တောပြုန်းတီးမှု၊ မြေယာသိမ်းဆည်းခံရမှု သို့မဟုတ် သဘာဝဘေးအန္တရာယ်များကြောင့် အထိခိုက်ဆုံးနှင့် အနိုင်ကျင့်ခံရဆုံးအဖြစ် သရုပ်ဖော်ကြသော်လည်း ၎င်းတို့အား ဆုံးဖြတ်ချက်ချမှတ်သူများ သို့မဟုတ် အပြောင်းအလဲတွန်းအားပေးသူများအဖြစ် အသိအမှတ်ပြုမှု မရှိသလောက်ရှားပါသည်။ ကရင်ပြည်နယ်တွင် အမျိုးသမီးတစ်ဦးသည် ခရစ်ယာန်ဘုရားကျောင်းအခြေပြု ရေဘေးကူညီရေးအစီအစဉ်တစ်ခုကို ဦးဆောင်ခဲ့ပြီး ရန်ပုံငွေရှာဖွေကာ လိုအပ်သော အထောက်အပံ့များကို ညှိနှိုင်းပေးခဲ့သော်လည်း နောက်ပိုင်းခေါင်းဆောင်မှုဆိုင်ရာ ဆုံးဖြတ်ချက်များတွင် ပါဝင်ခွင့်မရခဲ့သလို အသိအမှတ်ပြုခြင်းလည်း မခံခဲ့ရပေ။ သူမ၏ အလုပ်အားလက်ခံသော်လည်း သူမ၏ ခေါင်းဆောင်မှုကိုမူ လက်မခံခဲ့ကြပါ။ ထို အပြုအမူများကို ပဋိပက္ခသက်ရောက်နေသော ဒေသများတွင်လည်း တွေ့မြင်နိုင်သည်။ လက်နက်ကိုင်အဖွဲ့များ၏ အမျိုးသမီးဌာနခွဲများသည် မကြာခဏ စောင့်ရှောက်ရေး သို့မဟုတ် လူမှုဖူလုံရေးအခန်းကဏ္ဍများသို့ ချထားခံရပြီး အမျိုးသားများက ခေါင်းဆောင်မှု ကွပ်ကဲရေးအဆင့်များတွင် နေရာယူထားကြသည်။ အမျိုးသမီးများ၏ နိုင်ငံရေးအလားအလာကို လျစ်လျူရှုထားကာ ၎င်းတို့၏ အလုပ်အား နိုင်ငံရေးဆိုင်ရာ ပါဝင်မှုထက် အမျိုသမီး များ "သဘာဝကျသော" စောင့်ရှောက်မှုလုပ်ငန်းစဉ်များတွင်သာ တိုးချဲ့ပြန်လည်အသုံးပြုကြသည်။ အမျိုးသမီးများသည် အာဏာရှင် ခုခံမှု သို့မဟုတ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်သည့်အခါများတွင်ပင် ၎င်းတို့၏ လုပ်ဆောင်ချက်များကို နိုင်ငံရေးမှ ဖယ်ထုတ်ကာ တန်ဖိုးလျှော့ချခံရလေ့ရှိသည်။

**LGBTQIA+ ဖြစ်သူများအပေါ် ခွဲခြားဆက်ဆံမှုများသည်လည်း လူမှုရေး နှင့် အဖွဲ့အစည်းဆိုင်ရာ ယဉ်ကျေးမှုများတွင် အမြစ်တွယ်နေပါသည်။** ပါဝင်သူများ၏ ပြောဆိုချက်များအရ ဘာသာရေး နှင့် အမျိုးသားရေး အယူအဆများကို လိင်စိတ်ခံယူမှုကွဲပြားသူများကို ပထုတ်နိုင်ရန်အတွက် အသုံးပြုနေကြောင်း ဖော်ပြခဲ့ကြသည်။ အခြားသော သုတေသနများကလည်း ဤ အခြေအနေကို “လိင်ပြောင်းအမျိုးသမီးများသည် အမျိုးသားစွမ်းအား နှင့် အမျိုးသားရေး သစ္စာတရားကို စော်ကားသည်ဟု မြင်ခံရသောကြောင့်၊ လိင်ပြောင်းအမျိုးသမီးတစ်ဦးဖြစ်ရုံမျှဖြင့် အကြမ်းဖက်မှုများနှင့် အနိုင်ကျင့်မှုများကို ထပ်ဆင့်ခံနေရကြောင်း” အလေးပေး ဖော်ပြခဲ့သည်။ အမျိုးသမီးအရေးလှုပ်ရှားမှုများအတွင်း၌ပင်၊ အထူးသဖြင့် မြို့ပြအခြေစိုက် တော်လှန်ရေးအဖွဲ့အတွင်းရှိ လူငယ်အမျိုးသမီးများက ၎င်းတို့၏ နိုင်ငံလူမှုရေးဆိုင်ရာ တက်ကြွလှုပ်ရှားမှုများကြောင့် အသက်ကြီးသူ အမျိုးသမီးများထံမှ “အကျင့်ပျက်နေသည့် အမျိုးသမီးများ” ဟု တံဆိပ်ကပ်ခံရကြောင်း ပြောဆိုခဲ့ကြသည်။ ဤသည်မှာ မျိုးဆက်အလိုက် ကွဲပြားမှုများ နှင့် အတွင်းစိတ်တွင် စွဲမြဲနေသော ဖိုဝါဒဖိနှိပ်မှုဆိုင်ရာ အမြင်များကို ထင်ဟပ်ပြသနေပါသည်။

**နိုင်ငံတကာအဖွဲ့အစည်းများတွင်လည်း တိုးတက်သောရည်ရွယ်ချက်များရှိသော်ငြား မကြာခဏဆိုသလို ဤအစဉ်အလာများ ဖြစ်ပေါ်လျက်ရှိပါသည်။** ဥပမာအားဖြင့်၊ “နိုင်ငံရေးအတွေးအမြင်ဖြင့် စဉ်းစားခြင်းနှင့် လုပ်ဆောင်ခြင်း” (Thinking and Working Politically) ချဉ်းကပ်နည်းဖြင့် နိုင်ငံရေးနှင့် လူမှုရေးပြဿနာများကို ကိုင်တွယ်ရာတွင် အဓိကအချက် (၃) ချက်ပါဝင်သည်။ ၎င်းတို့မှာ အားကောင်းသော နိုင်ငံရေးဆိုင်ရာ ဆန်းစစ်သုံးသပ်မှုနှင့် နားလည်မှု၊ ဒေသတွင်းအခြေအနေကို နက်ရှိုင်းစွာနားလည်ပြီး တုံ့ပြန်နိုင်မှု၊ အစီအစဉ်ဒီဇိုင်းနှင့် အကောင်အထည်ဖော်မှုတွင် ပြောင်းလွယ်ပြင်လွယ်ရှိမှုတို့ ဖြစ်ပါသည်။ အလှူရှင်များနှင့် NGO များသည် ဤချဉ်းကပ်နည်းကို တဖြည်းဖြည်း ကျင့်သုံးလာကြပြီး အာဏာအဆင့်အတန်းများကို စိန်ခေါ်ရန်အစား “လက်ရှိအခြေအနေနှင့်လိုက်လျောညီထွေစွာ ပူးပေါင်းဆောင်ရွက်ခြင်း” ဆိုသည့် ရှေးရိုးစွဲဆန်သော မဟာဗျူဟာကို မကြာခဏ အားပေးလေ့ရှိပါသည်။ ထိုသို့သောနည်းလမ်းများသည် အမျိုးသားများ လွှမ်းမိုးသည့် အဖွဲ့အစည်းများနှင့် ရေရှည်ပူးပေါင်းဆောင်ရွက်မှုများကို ဖြစ်ပေါ်စေပြီး၊ ခက်ခဲစွာရရှိထားသော ဝင်ရောက်ခွင့်များ ဆုံးရှုံးမည် စိုးရိမ်ရသည့်အတွက် လူမှုဓလေ့ထုံးတမ်းများကို စိန်ခေါ်ရန် ဝန်လေးနေတတ်ကြပါသည်။ အမျိုးသမီးများ ပါဝင်ခွင့်ရရှိရေး အတွက် စည်းရုံးလှုပ်ရှားနိုင်ရန် ဝန်ထမ်းများစွာတွင် ယုံကြည်မှု၊ သင့်လျော်သော ဘာသာစကား သို့မဟုတ် အဖွဲ့အစည်းမှ ပံ့ပိုးမှု မရှိကြပါ။ ရလဒ်အနေဖြင့် အမျိုးသမီးများ ပါဝင်မှုသည် နောက်ဆုံးတွင်မှ ထည့်သွင်းစဉ်းစားခံရခြင်း (သို့မဟုတ်) တမင်သက်သက် လျစ်လျူရှုခံရခြင်း ဖြစ်နေဆဲဖြစ်ပါသည်။

**မြန်မာနိုင်ငံတွင် ဆယ်စုနှစ်များစွာ ကြာမြင့်တည်ရှိနေသော သတင်းအချက်အလက်မှားများနှင့် နိုင်ငံသားပါဝင်ပတ်သက်မှု မရှိခြင်းတို့က အမျိုးသမီးများ၏နိုင်ငံရေးပါဝင်မှုကို ပိုမိုအားနည်းစေသည်။** စစ်အာဏာသိမ်းမှုမတိုင်မီက၊ မြန်မာနိုင်ငံ၏ နိုင်ငံတော်မီဒီယာနှင့် ပညာရေးစနစ်တို့သည် နိုင်ငံရေးတက်ကြွစွာပါဝင်မှုကို ဟန့်တားခဲ့သည်။ ရှမ်းပြည်နယ်မှ CDM ဆရာမ တစ်ဦး က ၄င်းသည် တော်လှန်ရေးလှုပ်ရှားမှုတွင် မပါဝင်ခင်ထိ မြန်မာ့ တပ်မတော်သည် မူးယစ်ဆေးဝါးထုတ်လုပ်မှုကို တိုက်ဖျက်နေသည်ဟု ယုံကြည်ခဲ့ကြောင်း၊ သို့သော် နောက်ပိုင်းတွင် တပ်မတော်၏ မူးယစ်ဆေးဝါးမှ အမြတ်ထုတ်မှုများအပါအဝင် အခြားအမှန်တရားများကို သိရှိလာခဲ့ကြောင်း ရှင်းပြခဲ့သည်။ ဂျဲန်ဒါအခြေပြု ပညာရေးနှင့် ဒစ်ဂျစ်တယ်နည်းပညာ အသုံးချနိုင်မှု ကန့်သတ်ချက်များသည် အမျိုးသမီးများ နိုင်ငံရေးတွင် အသိအမြင်ပြည့်ဝစွာ ပါဝင်နိုင်မှုအတွက် အဟန့်အတားဖြစ်နေဆဲဖြစ်သည်။ ထို့ကြောင့်၊ ယုံကြည်စိတ်ချရသော အမျိုးသမီးအခွင့်အရေးအဖွဲ့အစည်းများသည် ဤချို့ယွင်းချက်များကို ဖြည့်ဆည်းပေးရာတွင် အရေးပါသောကဏ္ဍမှ ပါဝင်နေပြီး ၎င်းတို့အား လိုအပ်သောပံ့ပိုးမှုများ ပေးသင့်ပါသည်။

## ဤအဟန့်အတားကို ဖြေရှင်းရန် လုပ်ဆောင်ချက်များ

**၁။ လက်ရှိစံနှုန်းများကို စိန်ခေါ်ရန် အဆင်သင့်ဖြစ်ပါစေ။** ရည်ရွယ်လုပ်ဆောင်ချက်များမရှိပါက အမျိုးသမီးများ၏ အသံများသည် ဆုံးဖြတ်ချက်ချမှတ်ရာနေရာများတွင် အရေးမပါဘဲ ဆက်လက်ရှိနေပါလိမ့်မည်။ သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုဆိုင်ရာ ဆွေးနွေးပွဲများ (မြေအသုံးချမှုမူဝါဒမှ ရာသီဥတုပြောင်းလဲမှုလိုက်လျောညီထွေရေး အထိ) တွင် အမျိုးသမီးများ ဦးဆောင်မှုကို မြှင့်တင်ပေးရမည်။ ထို့မှသာ အမျိုးသမီးများအား သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သာမန် ထိခိုက်သူများ၊ အကျိုးခံစားခွင့်ရှိသူများ သို့မဟုတ် ပထမဆုံးတုံ့ပြန်သူများအဖြစ်သာ မြင်ခြင်းကို ရပ်တန့်နိုင်ပြီး ဆုံးဖြတ်ချက်ချမှတ်သူများ အဖြစ် အသိအမှတ်ပြုလာနိုင်မည်ဖြစ်သည်။ ပိုမိုပါဝင်ပြီး တန်းတူညီမျှသော လူ့အဖွဲ့အစည်းကို တည်ဆောက်ရာတွင် အနှောင့်အယှက်ဖြစ်စေသည့် အဆင့်နှင့် လက်ရှိစံနှုန်းများကို ပြောင်းလဲရန် လိုအပ်သည်။ နိုင်ငံတကာအဖွဲ့အစည်းများသည် အခြေအနေအရ ဖယ်ထုတ်ခံရမှုများကို ရှောင်ရှားရန်ထက် စီမံကိန်းများ၊ လေ့ကျင့် ဆွေးနွေးပွဲများနှင့် အကြံပြုချက်များတွင် အမျိုးသမီးများ အဓိပ္ပာယ်ရှိစွာပါဝင်နိုင်ရန် တက်ကြွစွာကြိုးပမ်းသင့်သည်။ ၎င်းအတွက် အဖွဲ့အစည်းယဉ်ကျေးမှုပြောင်းလဲခြင်း၊ ဘတ်ဂျက်တိုးခြင်း၊ အမျိုးသမီးပါဝင်မှု၏အကျိုးကျေးဇူးများကို ဝန်ထမ်း

များသိရှိလာစေရန် လေ့ကျင့်ပေးခြင်း သို့မဟုတ် လူမှုအသိုင်းအဝိုင်းနှင့် ထိထိရောက်ရောက်ချိတ်ဆက်နိုင်ရန်၊ ကိုက်ညီသောအကျိုးခံစားခွင့်ရှိသူများကို သေချာသတ်မှတ်နိုင်ပြီး ပါဝင်လာစေရန် အစီအစဉ်ကာလကို ပိုရှည်စေခြင်းစသည့် ပြုပြင်ပြောင်းလဲမှုများ လိုအပ်နိုင်သည်။ လက်ရှိအခြေအနေကို ထိန်းသိမ်းခြင်းထက် ဗျူဟာကျသော ဝင်ရောက်စွက်ဖက်မှုများဖြင့် အမျိုးသမီးပါဝင်လာနိုင်မှုများကို ဒေသအလိုက် အခြေအနေများပေါ် မူတည်ကာ အဆင့်တစ်ဆင့်ချင်းစီတွင် ပိုမိုထိရောက်စွာ အကောင်အထည်ဖော်လာနိုင်ရမည်။

**၂။ ဂျဲန်ဒါတန်းတူညီမျှမှုကို စနစ်တကျအကောင်အထည်ဖော်ပါ။** အမျိုးသမီးအခွင့်အရေးအဖွဲ့အစည်းများသည် သဘာဝအရင်းအမြစ်များ၊ ဒေသခံအုပ်ချုပ်ရေးနှင့် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ မူဝါဒသစ်များတွင် ဂျဲန်ဒါတန်းတူရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ အစကတည်းက ပါဝင်နိုင်ရန် အာဏာရှိသူများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရမည်။ ဒေသခံအုပ်ချုပ်ရေးနှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများကို ပံ့ပိုးနေသော နိုင်ငံတကာအဖွဲ့အစည်းများ အနေဖြင့်လည်း ကျားမတန်းတူရေးနှင့်အညီ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အုပ်ချုပ်မှုစနစ်များကို အဓိကရလဒ်တစ်ခု အဖြစ် ထည့်သွင်းစဉ်းစားရမည်။ ရာသီဥတုလိုက်လျောညီထွေရေးစီမံကိန်း၊ သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုနှင့် သဘာဝဘေးတုံ့ပြန်ရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ၏ ဆုံးဖြတ်ချက်ချမှတ်မှုနှင့် အုပ်ချုပ်မှုလုပ်ငန်းစဉ်များတွင် ပါဝင်မှုကို ခြေရာခံနိုင်သော ညွှန်းကိန်းများ ထားရှိရမည်။ အားလုံးပါဝင်သည့်ဖက်ဒရယ်စီးပွားရေးမူဝါဒ အဆိုပြုလွှာပြင်ဆင်ရေး အစီအစဉ်ကဲ့သို့သော မူဘောင်သစ်များသည် အမျိုးသမီးများ၏ပါဝင်မှုနှင့် ဂျဲန်ဒါတန်းတူညီမျှရေးကို အခြေခံသော မူဝါဒများ ပိုမိုပေါင်းစပ်နိုင်ရန် အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည်။ အလှူရှင်များအနေဖြင့် မူဝါဒများအား အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်ခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်းများ ပြီးမြောက်နိုင်ရန်အတွက် အစီအစဉ်များကို လုံလောက်သော အချိန်ကာလပေးထားရမည်။ အမျိုးသမီးအခွင့်အရေးအဖွဲ့အစည်းများသည် ဤလုပ်ငန်းများအား အကောင်အထည်ဖော်ရာတွင် အရေးပါသောကဏ္ဍမှ ပါဝင်နိုင်ပြီး အကောင်အထည်ဖော်မှုများအတွက် တာဝန်ရှိသူများကို တာဝန်ခံစေရန် ဆောင်ရွက်နိုင်သည်။

**၃။ အမျိုးသမီးဦးဆောင်အဖွဲ့အစည်းများကို ဝန်ဆောင်မှုပေးသည့်အဆင့်ထက် မြှင့်တင်ပေးပါ။** အာဏာရှိသူများ (တော်လှန်ရေးအဖွဲ့များ၊ နိုင်ငံတကာအဖွဲ့အစည်းများ အပါအဝင်) သည် အမျိုးသမီးဦးဆောင်အဖွဲ့များအား အကောင်အထည်ဖော်သူများအဖြစ်သာ မြင်သည့် အမြင်ကို ကျော်လွန်ပြီး ၎င်းတို့အား ဗျူဟာရေးရာရေးဆွဲသူများနှင့် ဆုံးဖြတ်ချက်ချမှတ်သူများအဖြစ် ရှုမြင်ရန် လိုအပ်ပါသည်။ ဖြစ်နိုင်ပါက အာဏာရှိသူများသည် အမျိုးသမီးများ၏ အခန်းကဏ္ဍကို ဝန်ဆောင်မှုပေးရုံသက်သက်သာ ကန့်သတ်ထားသည့် ဘက်လိုက်မှုများနှင့် ယူဆချက်များကို စိစစ်ပြီး အမျိုးသမီးများ ခေါင်းဆောင်မှုဆီသို့ ဦးတည်သည့် စနစ်တကျဖော်ဆောင်ထားသော လမ်းကြောင်းများကို ဖော်ထုတ်ရမည်။ ဤတွင် သစ်တောကာကွယ်ရေး၊ ရာသီဥတုဒဏ်ခံရေးနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းဆိုင်ရာ တာဝန်ယူမှုတို့တွင် လုပ်ကိုင်နေသော အမျိုးသမီးဦးဆောင်အဖွဲ့များအတွက် ခေါင်းဆောင်မှုအခွင့်အလမ်းများ ဖန်တီးပေးခြင်းတို့လည်း ပါဝင်သည်။ သဘာဝအရင်းအမြစ်အုပ်ချုပ်ရေးကောင်စီများ၊ ပတ်ဝန်းကျင်စောင့်ကြည့်ရေးအဖွဲ့များနှင့် ရာသီဥတုရန်ပုံငွေ ပူးပေါင်းကော်မတီများကဲ့သို့သောယန္တရားများတွင်အမျိုးသမီးများအားကူညီသူများအဖြစ်သာမကပတ်သက်သူများအဖြစ်ပါပါဝင်စေရမည်။ ၎င်းကို လုပ်ငန်းအစီအစဉ်များဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ခြင်း သို့မဟုတ် ဦးဆောင်ခြင်း၊ အမျိုးသမီးများ အတွက် ရေရှည်သင်တန်းအစီအစဉ်များကို ပံ့ပိုးခြင်း သို့မဟုတ် အမျိုးသမီးများ၏ အမြင်များကို အကူအညီအစီအစဉ် များတွင် ထည့်သွင်းစဉ်းစားနိုင်ရန် လူမှုရေးအဖွဲ့အစည်းများ၏ အကြံဉာဏ်ကို ရယူခြင်းကဲ့သို့သော ပံ့ပိုးမှုယန္တရားများ ထူထောင်ခြင်းဖြင့် အားဖြည့်ပေးနိုင်ပါသည်။

---

### ၃.၃။ အတားအဆီး (၃) ဂျဲန်ဒါရေးရာ ထည့်သွင်းစဉ်းစားခြင်း မရှိ၍ ကျဉ်းမြောင်းစွာ ဖန်တီး ထားသော အစီအစဉ်များ

ဂျဲန်ဒါတန်းတူညီမျှရေးအတွက် ကြွေးကြော်သံများရှိသော်လည်း လူသားချင်းစာနာမှု–ဖွံ့ဖြိုးရေး–ငြိမ်းချမ်းရေး ဆက်စပ်မှုများတွင် အကောင်အထည်ဖော်သည့် အစီအစဉ်များစွာသည် ဂျဲန်ဒါကွဲပြားမှုကို လျစ်လျူရှုထားဆဲ သို့မဟုတ် ရေးဆွဲထားသော ဒီဇိုင်းများသည် အလွန်ကျဉ်းမြောင်းနေဆဲဖြစ်သည်။ မြန်မာနိုင်ငံ၏ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး (WPS) လုပ်ငန်းစဉ်များကို Track II နှင့် III ငြိမ်းချမ်းရေးတည်ဆောက်မှုနယ်ပယ်များတွင်သာ သီးသန့်ထားလေ့ရှိပြီး လူသားချင်းစာနာမှုဆိုင်ရာ အုပ်ချုပ်ရေးစနစ်များ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အုပ်ချုပ်မှုများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အားနည်းစွာသာ ပေါင်းစပ်ထားသည်။ ဤကျဉ်းမြောင်းသည့် အကောင်အထည်ဖော်မှုသည် အရေးပေါ် တုံ့ပြန်သူများမှစ၍

နိုင်ငံရေးညှိနှိုင်းဆွေးနွေးသူများ၊ သဘာဝပတ်ဝန်းကျင် ကာကွယ်သူများအထိ ကဏ္ဍအသီးသီးတွင် ထမ်းဆောင်နေသည့် အမျိုးသမီးများ၏အခန်းကဏ္ဍမျိုးစုံကို မထင်ဟပ်နိုင်ပါ။

**အမျိုးသမီးများ၏ အဓိပ္ပါယ်ရှိသော ပါဝင်မှုများကို အပေါ်ယံထည့်သွင်းခြင်းပုံစံသည့် ပါဝင်မှုအဖြစ်သာရှိနေစေပြီး "ဖီမီနစ်ဆန်သည်"ဟု သတ်မှတ်ခံရသည့်ကဏ္ဍများ ဥပမာ – ကလေးသူငယ်ကာကွယ်ရေး သို့မဟုတ် ဂျဲန်ဒါအခြေပြု အကြမ်းဖက်မှုတုံ့ပြန်ရေးတို့တွင်သာ အသုံးချရန် မြင်နေကြပါသည်။** အမျိုးသမီးများသည် လူသားချင်းစာနာမှု သို့မဟုတ် ညှိနှိုင်းဆောင်ရွက်သည့်ပလက်ဖောင်းများတွင် ရှိနေသည့်တိုင်၊ ဗျူဟာရေးရာ သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်မှုများကို လွှမ်းမိုးနိုင်သည့် အနေအထားတွင် မရှိကြပေ။ ဤနေရာများတွင် ဘာသာစကားအခက်အခဲများ၊ သေချာမရှင်းပြနိုင်ခြင်းနှင့် နိုင်ငံခြားသား အမျိုးသားများ၏ အသံများ လွှမ်းမိုးနေမှုတို့က အမျိုးသမီးများ၏ယုံကြည်မှုနှင့် ပါဝင်နိုင်မှုကို ပိုမိုလျော့နည်းစေပါသည်။ ပါဝင်သူများ၏ ပြောကြားချက်များအရ အွန်လိုင်းပါဝင်မှုများ တိုးလာသည့်တိုင်၊ အွန်လိုင်းတွင် နှောင့်ယှက်ခံရမှုများနှင့် ဖယ်ကျဉ်ဖိနှိပ်ခံရမှုစိုးရိမ်ခြင်းတို့ကြောင့် အမျိုးသမီးများစွာသည် ပါဝင်ဖို့ ဝန်လေးနေဆဲဖြစ်သည်။

**နိုင်ငံတကာအဖွဲ့အစည်းများ၏ ပါဝင်ဆောင်ရွက်မှုဒီဇိုင်းတွင် အမျိုးသမီးများအား ဖယ်ထုတ်ထားမှုများ အမြစ်တွယ်နေသည်ကို တွေ့ရသည်။** ကချင်နှင့် မွန်ဒေသမှ အမျိုးသမီးခေါင်းဆောင်များက ဂျဲန်ဒါတန်းတူညီမျှမှုဆိုင်ရာ ရှင်းလင်းပြတ်သားပြီး အတည်ပြုကျင့်သုံးနေသည့် စံနှုန်းများ ကင်းမဲ့နေကြောင်း အကြိမ်ကြိမ်ဖော်ပြခဲ့ကြသည်။ နိုင်ငံတကာအဖွဲ့အစည်းများသည် ပါဝင်ညီညွတ်မှုကို အများရှေ့တွင် ကြွေးကြော်သော်လည်း၊ ၎င်းတို့ငွေကြေးထောက်ပံ့သည့် နိုင်ငံရေးနှင့် လူသားချင်းစာနာမှုလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ ပုံမှန်ပါဝင်နိုင်ရန် "အနီမျဉ်း" စည်းမျဉ်းများ သတ်မှတ်ခြင်းနည်းပါးလှသည်။ ဤသို့သော အခြေအနေတွင်၊ အလှူရှင်များနှင့် အဖွဲ့အစည်းများသည် မသိလိုက်ဘဲ ဖယ်ထုတ်မှုကို တရားဝင်ဖြစ်စေသည့် နေရာများကို ပံ့ပိုးမိတတ်ကြသည်။ ပါဝင်သူတစ်ဦး၏ အဆိုအရ၊ တော်လှန်ရေးအုပ်စုများနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုသည် သင်္ကေတဆန်သော ကိုယ်စားပြုမှုထက် အမျိုးသမီးများ၏ အဓိပ္ပာယ်ရှိသော လက်တွေ့ပါဝင်မှုအပေါ် အခြေခံရမည်ဖြစ်သည်။

**အင်္ဂလိပ်စကားပြောနိုင်စွမ်းရှိသော အမျိုးသမီးအုပ်စုငယ်တစ်ခုအပေါ်တွင်သာ မှီခိုနေခြင်းသည်လည်း ကိုယ်စားပြုမှုများကို ကန့်သတ်လျက်ရှိသည်။** အလှူရှင်တစ်ဦးကပြောကြားချက်အရ မြန်မာနိုင်ငံတွင် စောင့်ကြည့်ခံရမှုနှင့် အန္တရာယ်များ တိုးပွားလာခြင်းကြောင့် မိတ်ဖက်အသစ်များ ဖွံ့ဖြိုးရန် ကြိုးပမ်းမှုများ ကျဉ်းမြောင်းလာကြောင်း သိခဲ့ရသည်။ ရလဒ်အနေဖြင့် ခရီးသွားလာနိုင်ပြီး အင်္ဂလိပ်စကားပြောတတ်သော ရင်းနှီးသည့် အမျိုးသမီးများသာ အဆင့်မြင့်ဖိုရမ်များသို့ အထပ်ထပ် ဖိတ်ကြားခံရပြီး လူတော်လူကောင်းများသာထွန်းကားရေးဝါဒ (elitism) ကိုသာ အားဖြည့်ကာ ပါဝင်ဆွေးနွေးမှုလုပ်ငန်းစဉ်များ၏ တရားဝင်မှုကို လျော့ကျစေပါသည်။ တိုင်းရင်းသားဘာသာစကားများကို လက်လှမ်းမှီမှုမရှိခြင်းသည်လည်း နောက်ထပ်အဟန့်အတားတစ်ရပ်ဖြစ်သည်။ နိုင်ငံတကာအစည်းအဝေးများတွင် မြန်မာဘာသာစကားကို တစ်ခါတစ်ရံတွင် ကြားနိုင်သော်လည်း တိုင်းရင်းသားဘာသာစကားများသို့ ဘာသာပြန်ဆိုမှုမှာ ရှားပါးလှသည်။ ထို့ကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာတွင် ကြီးမားသော အမျိုးသမီးအုပ်စုများ၏ အသံကို တိတ်စေသလိုဖြစ်သည်။ တိုင်းရင်းသားအုပ်စုအသီးသီး အတွက် ဘာသာပြန်ဝန်ဆောင်မှုများကို ငှားရမ်းရန် ရင်းနှီးမြှုပ်နှံခြင်းက စုံလင်သောပါဝင်မှုနှင့် ကိုယ်စားပြုမှုအတွက် အလွန်အရေးကြီးသည့် အချက်တစ်ခုဖြစ်သည်။

**စိတ်ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ ပင်ပန်းနွမ်းနယ်မှုများသည် ကဏ္ဍစုံတွင်ပေါ်ပေါက်နေသည့် ပြဿနာအဖြစ် ပေါ်ထွက်လာလျက်ရှိသည်။** ပါဝင်သူများသည် အဖမ်းခံရခြင်း၊ ရွှေ့ပြောင်းနေထိုင်ရခြင်းနှင့် ဆုံးရှုံးမှုများမှ စိတ်ဒဏ်ရာများကို မျှဝေခဲ့ကြသည်။ ထို့အပြင် စိတ်သောကများကို တစ်ဆင့်ခံ ပြန်ခံစားရခြင်း၊ အသက်ရှင်ကျန်ရစ်သူမ၏ အပြစ်ရှိသလို ခံစားချက်နှင့် စိတ်ပိုင်းဆိုင်ရာ ပင်ပန်းနွမ်းနယ်မှုတို့ကြောင့် ပိုမိုဆိုးရွားစေခဲ့သည်။ ပါဝင်သူတစ်ဦးက "ရဲဘော်တစ်ယောက်သေသွားတဲ့အခါကျရင် ပုံမှန်ဖြစ်စဉ်တစ်ခုလိုမြင်လာကြပါပြီ။ အရင်ကတော့ ငိုကြတယ်။ အခုကျတော့ 'ဒီငရဲကနေ လွတ်သွားတာ သူ့အတွက် ကောင်းတာပဲ' လို့ပြောကြတယ်။ စာနာစိတ်တွေ ပျောက်ဆုံးနေပါပြီ" ဟု ရင်ဖွင့်ခဲ့သည်။ ဤအတွေ့အကြုံများသည် လူမှုစိတ်ပညာဆိုင်ရာ ပံ့ပိုးမှုများ၏ အရေးတကြီးလိုအပ်နေမှုကို မီးမောင်းထိုးပြနေသည်။ စနစ်တကျစိတ်ကျန်းမာရေး ဝန်ဆောင်မှုများရရှိရန် ခက်ခဲနေဆဲဖြစ်သော်လည်း၊ အမျိုးသမီးအခွင့်အရေးအဖွဲ့များ၊ ဘာသာရေးခေါင်းဆောင်များနှင့် ဒေသခံ အကြံပေးများမှ စီစဉ်ပေးသည့် စုပေါင်းအနာဂတ်ဖော်ခြင်းနေရာများသည် အမျိုးသမီးများ၏ ပါဝင်မှုကို ဆက်လက်ထိန်းသိမ်းရန် အရေးပါသော အချက်တစ်ခုဖြစ်သည်။ ဆိုင်ကလုန်းမိုကာနှင့် ယာဂီမုန်တိုင်းကြောင့်ဖြစ်ပေါ်လာသော ရေကြီးမှုများကဲ့သို့ ရာသီဥတုဆိုင်ရာ ဘေးအန္တရာယ်များသည် အထူးသဖြင့် အရေးပေါ်တုံ့ပြန်ရေးဦးဆောင်သူများနှင့် ထိခိုက်ခံစားရသည့် မိသားစုများကို ကူညီစောင့်ရှောက်နေရသည့် အမျိုးသမီးများတွင် စိတ်ကျန်းမာရေးအားနည်းမှုများကို ပိုမိုဆိုးရွားစေခဲ့သည်။

လူသားချင်းစာနာမှုနှင့် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိရေး အစီအစဉ်များတွင် လူမှုစိတ်ပညာဆိုင်ရာ ပံ့ပိုးမှုများကို ပေါင်းစပ်ထည့်သွင်းခြင်းသည် အမျိုးသမီးများ၏ စွမ်းဆောင်ရည်နှင့် ကျန်းမာရေးကို ထိန်းသိမ်းရန်အတွက် အရေးကြီးသော အချက်တစ်ခုဖြစ်သည်။

---

### ဤအဟန့်အတားကို ဖြေရှင်းရန် လုပ်ဆောင်ချက်များ

**၁။ လုံခြုံရေးဆိုင်ရာ အမြင်များကို ကျယ်ပြန့်စွာ စဉ်းစားပါ။** အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာ အဖွဲ့များသည် WPS လုပ်ငန်းစဉ် အား အကောင်အထည်ဖော်ရာတွင် လူသားလုံခြုံရေး၊ အစားအစာ လုံခြုံရေးနှင့် ဂေဟစနစ်ဆိုင်ရာ လုံခြုံရေးတို့ကို ပေါင်းစပ်ထည့်သွင်းသင့်သည်။ အထူးသဖြင့် စနစ်တကျချုပ်ဆိုထားသော ကျယ်ပြန့်သည့် ငြိမ်းချမ်းရေးသဘောတူညီချက် မရှိသေးသည့် အခြေအနေမျိုးတွင် ဤအချက်သည် အထူးအရေးပါသည်။ ထို့အပြင်၊ ဤချဉ်းကပ်မှုက နည်းပညာဆိုင်ရာ ကျွမ်းကျင်သူများအား အခြေခံအဆင့်ရှိ ပါဝင်သူများနှင့် မဆက်စပ်နိုင်သည့် နည်းပညာပိုင်းဆိုင်ရာ အသုံးအနှုန်းများကို အလိုအလျောက် အသုံးပြုခြင်းမှ ရပ်တန့်ရန် ကူညီပေးမည်။ ထိုသို့ပြောင်းလဲခြင်းဖြင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှု၊ ရာသီဥတုနှင့် ပတ်ဝန်းကျင် မျှတမှုဆိုင်ရာ နယ်ပယ်များကဲ့သို့သော ကျယ်ပြန့်သည့် နေရာများတွင် အမျိုးသမီးများ ပါဝင်မှုကို မြှင့်တင်ရန် အခွင့်အလမ်းအသစ်များ ဖန်တီးပေးနိုင်သည်။ လုံခြုံရေးဟူသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပတ်ဝန်းကျင်ဆိုင်ရာ ယိုယွင်းပျက်စီးမှု၊ မြေယာသိမ်းယူခံရမှုနှင့် ရာသီဥတုကြောင့် နေရပ်စွန့်ခွာရမှုများနှင့် စပ်လျဉ်း၍ ချဲ့ထွင်သတ်မှတ်ခြင်းဖြင့် အထူးသဖြင့် သဘာဝဘေးအန္တရာယ်များနှင့် အရင်းအမြစ်များအတွက် ပဋိပက္ခဖြစ်ပွားလေ့ရှိသော ဒေသများတွင် အမျိုးသမီးများအား တော်လှန်ရေးနှင့် အုပ်ချုပ်ရေးဗျူဟာများတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်သူများအဖြစ် ပြန်လည်တည့်မတ်ပေးနိုင်မည်။

**၂။ အမျိုးသမီးများ ပါဝင်မှုအတွက် အနိမ့်ဆုံးစည်းမျဉ်းများ သတ်မှတ်ပါ။**
အလှူရှင်များနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAOs)၊ လက်နက်ကိုင် ဆန့်ကျင်ရေးအဖွဲ့များ၊ အခြားနိုင်ငံရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် အမျိုးသမီးများ၏ပါဝင်မှုကို မဖြစ်မနေလိုအပ်ချက် အဖြစ် သတ်မှတ်သင့်သည်။ ဖြစ်နိုင်ပါက ဤစံနှုန်းကို ၎င်းတို့၏မဟာမိတ်အဖွဲ့များ၊ လက်အောက်ခံ ပူးပေါင်းဆောင်ရွက်သူများ၏ မူဝါဒများနှင့် လုပ်ငန်းလက်တွေ့ဆောင်ရွက်မှုများတွင်ပါ အကျုံးဝင်စေရမည်။ ထို့အပြင်၊ အပြည်ပြည်ဆိုင်ရာရန်ပုံငွေဖြင့် ပံ့ပိုးသော နိုင်ငံရေးဆွေးနွေးပွဲအားလုံးတွင် အမျိုးသမီးများ ပါဝင်ခွင့်ရှိရမည်။ ပတ်ဝန်းကျင်ဆိုင်ရာအလုပ်အဖွဲ့များ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ရာသီဥတုလုပ်ဆောင်ချက်ပလက်ဖောင်းများနှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုဆိုင်ရာ ဆွေးနွေးပွဲများအပါအဝင် အမျိုးသမီးများ ဖယ်ချန်ခံရမှု အလေ့အထအမြစ်တွယ်နေသော နယ်ပယ်များတွင်ပါ အမျိုးသမီးတို့၏ပါဝင်မှုနှင့် ဩဇာလွှမ်းမိုးနိုင်မှုကို အာမခံချက်ပေးရမည်။

**၃။ စိတ်ကျန်းမာရေးနှင့် စိတ်ဒဏ်ရာကုသမှုများကို အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှုနှင့် ခေါင်းဆောင်မှုအတွက် အခြေခံလိုအပ်ချက်အဖြစ် သတ်မှတ်ပါ။** အလုပ်ပင်ပန်းမှုဒဏ်၊ စိတ်ဒဏ်ရာနှင့် ပဋိပက္ခဆိုင်ရာ ဖိစီးမှုများသည် အမျိုးသမီးများ၏ အုပ်ချုပ်ရေးလုပ်ငန်းစဉ်များတွင် အရေးကြီးသော အကြောင်းအရာများနှင့် ပတ်သက်၍ ပါဝင်ဆောင်ရွက်နိုင်စွမ်းကို ကျဆင်းစေနေပါသည်။ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများသည် တိုင်းရင်းသားကျန်းမာရေးအဖွဲ့များအား လူထုအခြေပြု စိတ်ကျန်းမာရေးဝန်ဆောင်မှုများ ပိုမိုလက်လှမ်းမီနိုင်ရန်နှင့် ပိုမိုမြင့်မားသော စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများ ဖွံ့ဖြိုးတိုးတက်စေရန် ပံ့ပိုးသင့်ပါသည်။ လက်လှမ်းမီရန် ခက်ခဲသော စိတ်ကျန်းမာရေးအကြံဉာဏ်ပေး ဝန်ဆောင်မှုများအစား အစုလိုက်စောင့်ရှောက်မှုလုပ်ငန်းစဉ်များ ကို စမ်းသပ်ဆောင်ရွက်သင့်ပြီး အကြမ်းဖက်မှုနှင့် နေရပ်စွန့်ခွာမှုဒဏ်ကို အများဆုံးခံစားနေရသော သူများထံ စိတ်ဒဏ်ရာပြန်လည်ထူထောင်ရေးဆိုင်ရာ အထောက်အပံ့များ ရောက်ရှိစေရန် ဆောင်ရွက်ပေးရပါမည်။ အစုလိုက်စောင့်ရှောက်မှုပုံစံများ၏ အရည်အသွေးနှင့် စံနှုန်းများကို စိတ်ကျန်းမာရေးပညာရှင်များနှင့် ချိတ်ဆက်ခြင်း၊ အစိုးရမဟုတ်သော စိတ်ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာပံ့ပိုးမှုအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ ဖြင့် မြှင့်တင်သင့်ပါသည်။ အထူးသဖြင့် သယံဇာတတူးဖော်ရေးလုပ်ငန်းများ သို့မဟုတ် ရာသီဥတုဆိုင်ရာ ဘေးအန္တရာယ်များ သက်ရောက်မှုရှိသည့် ဒေသများတွင် စိတ်ကျန်းမာရေးဝန်ဆောင်မှုများကို ပတ်ဝန်းကျင်ဆိုင်ရာ တုံ့ပြန်မှုနှင့် ပြန်လည်ထူထောင်ရေးအစီအစဉ်များတွင် ပေါင်းစပ်ထည့်သွင်းနိုင်မည့် အခွင့်အလမ်းများကို စူးစမ်းလေ့လာသင့်ပါသည်။ ဥပမာအားဖြင့်၊ အစုလိုက်စောင့်ရှောက်မှုလုပ်ငန်းစဉ်များကို ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များနှင့် တော်လှန်ရေးစီမံကိန်းများတွင် ပေါင်းစပ်ထည့်သွင်းခြင်းဖြင့် ရေရှည်တည်တံ့သော ပါဝင်ဆောင်ရွက်မှုကို ဖြစ်စေနိုင်ပါသည်။

---

## ၃.၄။ အတားအဆီး (၄) နိုင်ငံတကာရန်ပုံငွေဆိုင်ရာ ဦးစားပေးရမည့်အရာများ

မြန်မာနိုင်ငံ၏ ထပ်ဆင့်ဖြစ်ပွားနေသော အရေးပေါ်အခြေအနေများဖြစ်သည့် လက်နက်ကိုင် ပဋိပက္ခ၊ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုနှင့် အဖွဲ့အစည်းများပြိုကွဲမှုတို့သည် ချက်ချင်းလုပ်ဆောင်ရန် အချက်အချာကျသော အချက်များဖြစ်သည်။ သို့သော် အပြည်ပြည်ဆိုင်ရာ အထောက်အပံ့များမှာ မညီမျှပဲ အမျိုးသမီးများ၏လိုအပ်ချက်များနှင့် ကိုက်ညီမှုနည်းပါးနေဆဲဖြစ်သည်။ မတူကွဲပြားသော နောက်ခံအခြေအနေရှိ အမျိုးသမီးများထံရောက်ရှိနိုင်ရန်အတွက် ငွေကြေးပံ့ပိုးမှုများသည် ပြောင်းလွယ်ပြင်လွယ်ရှိရုံသာမက လူတိုင်းရယူနိုင်ခွင့်ရှိရမည်။ ၎င်းနှင့်အတူ ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ခြင်း နှင့် ယုံကြည်မှုအပေါ်အခြေခံသော ဆက်သွယ်ဆောင်ရွက်မှုများ ပါဝင်ရမည်။ အာဏာသိမ်းမှုမတိုင်မီ ငြိမ်းချမ်းရေးအတွက် အမျိုးသမီးများ၏ပါဝင်ဆောင်ရွက်မှုလုပ်ငန်းစဉ်များ မရှိတော့သည့်အခါ၊ ရန်ပုံငွေထောက်ပံ့သူများသည် တစ်ဆင့်ခံ လွှဲပြောင်းထောက်ခံပေးသည့် ပုံစံ (snowball sampling)ဖြင့်သော်လည်းကောင်း၊ ဒေသခံကြားလူများနှင့် အခန်းကဏ္ဍအလိုက် ဖော်ထုတ်ခြင်း ကဲ့သို့သော ပြောင်းလွယ်ပြင်လွယ်နည်းလမ်းများကို အသုံးပြု၍ ကွဲပြားသောအသံများ ကိုယ်စားပြုနိုင်ရန် အာမခံရမည်။

**ရန်ပုံငွေရှာဖွေရေးဗျူဟာများသည် ရာသီဥတုပြောင်းလဲမှု၊ ပဋိပက္ခနှင့် သဘာဝအရင်းအမြစ်အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်နေသော အမျိုးသမီးများ၏ အထူးလိုအပ်ချက်များကို လုံလောက်စွာ ဖြေရှင်းနိုင်ခြင်း မရှိပါ။** ကျေးလက်နှင့် တိုင်းရင်းသားဒေသများတွင် အခြေစိုက်သော အမျိုးသမီး သဘာဝပတ်ဝန်းကျင် ကာကွယ်သူများသည် တူးဖော်ရေး စီမံကိန်းများကို ဆန့်ကျင်ရန်၊ ပျက်စီးနေသော ဂေဟစနစ်များကို ပြန်လည်ထိန်းသိမ်းရန်နှင့် ရေရှည်တည်တံ့သော အသက်မွေးဝမ်းကြောင်းများ အတွက် စည်းရုံးလှုံ့ဆော်ရာတွင် အရေးပါသော ကဏ္ဍမှ ပါဝင်နေသူများ ဖြစ်သည်။ သို့သော် ၎င်းတို့အား မှတ်ပုံတင်ထားခြင်း မရှိမှု၊ တရားဝင် အသိအမှတ်ပြုလက်မှတ်များ ကင်းမဲ့နေမှု သို့မဟုတ် အလှူရှင်များ၏ ကွန်ရက်များနှင့် နည်းပါးစွာ ဆက်သွယ်နိုင်မှုတို့ကြောင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လိုက်လျောညီထွေရေး စီမံကိန်းများမှ အခါအားလျော်စွာ ဖယ်ထုတ်ခံနေရသည်။

**အရှည်အသွေးနိမ့်ပါးသော ငွေကြေးထောက်ပံ့မှုများသည် ဆက်လက်ရင်ဆိုင်နေရသည့် စိန်ခေါ်မှုတစ်ရပ် ဖြစ်နေဆဲဖြစ်သည်။** အဓိက ကန့်သတ်ချက်များတွင် စီမံကိန်းသက်တမ်းတိုတောင်းခြင်း၊ ငွေကြေးထောက်ပံ့မှုများ၏ ပြုလွယ်ပြင်လွယ်မှု မရှိခြင်း၊ ငွေထုတ်ပေးရန် အချိန်ကြန့်ကြာခြင်းနှင့် ဗျူရိုကရေစီဆန်သော စာချုပ်ချုပ်ဆိုမှုများရှိနေခြင်းတို့ ပါဝင်သည်။ အရေးပေါ်အခြေအနေများတွင်ပင် “အရေးပေါ်တုံ့ပြန်ရန်” ရန်ပုံငွေများသည် နှောင့်နှေးလွန်းသည်ကို တွေ့ရသည်။ ၂၀၂၄ ခုနှစ် စစ်တမ်းတစ်ခုအရ မြန်မာနိုင်ငံရှိ အမျိုးသမီးအခွင့်အရေးအဖွဲ့အများစုသည် တစ်နှစ်အောက်သာ ရန်ပုံငွေရရှိကြောင်း အတည်ပြုခဲ့သည်။ ၎င်းသည် ၎င်းတို့၏ သြဇာလွှမ်းမိုးမှု  တည်ဆောက်နိုင်စွမ်းနှင့်  အကျိုးသက်ရောက်မှုများ ထိခိုက်စေသည်။  ဤသို့သော ရန်ပုံငွေထောက်ပံ့မှုပတ်ဝန်းကျင်သည် ဗျူဟာမြောက် ပါဝင်ဆောင်ရွက်မှုများကိုသာမက စွမ်းဆောင်ရည်နိမ့်ကျမှုကိုပါ ဖြစ်ပေါ်စေသည်။ ဥပမာအားဖြင့်၊ အလှူရှင်များသည် ကျားမတန်းတူညီမျှရေး မူဝါဒများ ရေးဆွဲရန်ကိုသာ ထောက်ပံ့ကြပြီး အကောင်အထည်ဖော်ရန်နှင့် စောင့်ကြည့်ရန် နောက်ဆက်တွဲငွေကြေးကို မထောက်ပံ့ကြပေ။  ရလဒ်အနေဖြင့် အကောင်အထည်ဖော်ခြင်းမရှိသည့် စာရွက်ပေါ်တွင်သာ ကတိကဝတ်များ ကျန်ရစ်ကာ  နိုင်ငံရေးတွင် အမျိုးသမီးများကို အပေါ်ယံနေရာပေးနေသောပုံစံမျိုးကို ပိုမိုအားပေးနေမိသည့် အန္တရာယ်မျိုးရှိလာသည်။ အချိန်တိုငွေကြေးထောက်ပံ့မှုပုံစံများသည် အဓိပ္ပါယ်ရှိသော ပါဝင်ဆောင်ရွက်မှုအတွက် အချိန်ကြာရှည် ရင်းနှီးမြှုပ်နှံရန် လိုအပ်သည့် အခြေခံအချက်များဖြစ်သည့် မဟာမိတ်အဖွဲ့များ တည်ဆောက်ခြင်း၊ အချင်းချင်း လမ်းညွှန်မှုပေးခြင်းနှင့် ခေါင်းဆောင်မှုဖွံ့ဖြိုးရေးကဲ့သို့သော အရေးကြီးသည့် လုပ်ဆောင်ချက်များကိုလည်း အလေးမပေးသည့် ပုံစံဖြစ်စေသည်။

**စနစ်တကျစီစဉ်မှုမရှိသော ငွေကြေးထောက်ပံ့မှုများသည် ကျဉ်ဖယ်ခံရမှုကို ပိုမိုဆိုးရွားစေပြီး မလိုလားအပ်သော ထိခိုက်မှုများကို ဖြစ်စေနိုင်သည်။** ပါဝင်သူများက အလှူရှင်များမှ ထောက်ပံ့ထားသော ခိုလှုံရာအိမ်များ သို့မဟုတ် အထောက်အပံ့ဝန်ဆောင်မှုများအတွက် အရည်အချင်းသတ်မှတ်ချက်များသည် မီဒီယာသမားများ သို့မဟုတ် ထင်ရှားသော လူ့အခွင့်အရေးကာကွယ်သူများကဲ့သို့ နာမည်ကြီးပုဂ္ဂိုလ်များကို ဦးစားပေးလေ့ရှိပြီး အခြားအန္တရာယ်ရှိသူများကို လျစ်လျူရှုမိတတ်ကြောင်း ရှင်းပြခဲ့ကြသည်။ CDM အမျိုးသမီးများ၊ စစ်တပ်ဘက်မှ ထွက်ပြေးလာသူများ၏ဇနီးများနှင့် ညှဉ်းပန်းနှိပ်စက်မှုမှ ထွက်ပြေးလာရသော အခြေခံလူတန်းစား အဖွဲ့အစည်းများသည် ပိုမိုမြင့်မားသော အန္တရာယ်များနှင့် ရင်ဆိုင်နေရသော်လည်း ‘အကျိုးခံစားခွင့်ရှိသူများ’ သို့မဟုတ် လူတန်းသူများ၏ စံသတ်မှတ်ချက်များနှင့် မကိုက်ညီသောကြောင့် ကာကွယ်ရေးယန္တရားများကို ခက်ခဲစွာ ရယူနေရသည်။ ဤအလေ့အထများသည် အဆင့်အတန်းမညီမျှမှုများကို ဖန်တီးပေးကာ လူမှုအသိုက်အဝန်း စည်းလုံးညီညွတ်မှုကို ထိခိုက်စေပြီး နှိမ်ချမှုမရှိရေး နိယာမများကို ချိုးဖောက်လျက်ရှိသည်။

ဤကွာဟမှုဖြစ်နေသောအခြေအနေသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ်များတွင် အထူးသဖြင့် သိသာထင်ရှားနေပါသည်။ ဤသုတေသနအတွက် တွေ့ဆုံမေးမြန်းခံရသော အမျိုးသမီးများက အပြည်ပြည်ဆိုင်ရာ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ရန်ပုံငွေများသည် အခြေခံလူတန်းစား အဖွဲ့အစည်းများအတွက် ရရှိရန် အလွန်ခဲယဉ်းကြောင်း ပြောကြားခဲ့သည်။ သစ်တောစီမံခန့်ခွဲမှု၊ ရေအရင်းအမြစ်စီမံခန့်ခွဲမှုနှင့် ဘေးအန္တရာယ်တုံ့ပြန်ရေးနှင့်စပ်လျည်း၍ နက်ရှိုင်းသော ကျွမ်းကျင်မှုရှိသူများသည် အလှူရှင်စနစ်များနှင့် ပိုမိုရင်းနှီးသော (အများအားဖြင့် အမျိုးသားဦးဆောင်သည့်) ကြီးမားသည့်အဖွဲ့များအား ဦးစားပေးခြင်းခံနေရသည်။ ငွေကြေးထောက်ပံ့မှုများ ဒေသခံများထံရောက်ရှိလာသည့်အခါတွင်လည်း ၎င်းတို့အား ကြိုတင်သတ်မှတ်ထားသော လုပ်ငန်းများကိုသာ အကောင်အထည်ဖော်ရန် ကန့်သတ်ထားတတ်ပြီး ယင်းကလည်း ပြောင်းလွယ်ပြင်လွယ်မရှိသည့်အတွက် ရေရှည်ဂေဟစနစ်ပြန်လည်ထူထောင်ရေးနှင့် စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းများလုပ်ဆောင်ရန် အဆင်မပြေဖြစ်နေပါသည်။

## ဤအဟန့်အတားကို ဖြေရှင်းရန် လုပ်ဆောင်ချက်များ

**၁။ မတူညီသော အခြေခံလူတန်းစား လှုပ်ရှားမှုများနှင့် အရည်အသွေးကောင်းမွန်သော မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို သေချာပြုလုပ်ရန် လိုအပ်ပါသည်။** အလှူရှင်များသည် ပိုမိုစုံလင်သော အဖွဲ့အစည်းများအတွက် ပြောင်းလွယ်ပြင်လွယ်ရှိပြီး ရေရှည်တည်တံ့သော အခြေခံထောက်ပံ့မှုများ ပေးသင့်ပါသည်။ ၎င်းတို့၏ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများကို အသိအမှတ်ပြုရန်နှင့် ကွဲပြားသော နယ်ပယ်အလိုက် အသိပညာရှိသူများ (ဥပမာ – အမျိုးသမီးအခွင့်အရေး၊ မြေယာအခွင့်အရေး၊ သဘာဝအရင်းအမြစ်များ၊ ဖက်ဒရယ်စနစ်) ပါဝင်သည့် မဟာမိတ်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဘေးကင်းစွာ ပံ့ပိုးနိုင်ရန် နည်းလမ်းများ ရှာဖွေရန် အရေးကြီးပါသည်။ ပဋိပက္ခအလိုက် (မလိုလားအပ်သော အကျိုးဆက်များ လျော့နည်းစေရန် သို့မဟုတ် ပဋိပက္ခ အခြေအနေများ ပိုမိုဆိုးရွားမလာစေရန် ရည်ရွယ်ချက်ဖြင့်) နည်းစနစ်များကို အသုံးပြုခြင်းဖြင့် အမျိုးသမီး ခေါင်းဆောင်မျိုးစုံကို ဖော်ထုတ်နိုင်ပြီး မဟာမိတ်အဖွဲ့များတွင် အမှန်တကယ် စုံလင်သော ကိုယ်စားပြုမှုရှိစေရန် သေချာစေနိုင်ပါသည်။ အလှူရှင်များသည် အမျိုးသမီးကွန်ရက်များ၊ လူငယ်အမျိုးသမီးဝါဒီအဖွဲ့များ၊ LGBTQIA+ အဖွဲ့အစည်းများ၊ တိုင်းရင်းသားအဖွဲ့များ၊ သဘာဝပတ်ဝန်းကျင် လှုပ်ရှားသူများ၊ မှတ်ပုံတင်မထားသော အရပ်ဘက်အဖွဲ့အစည်းများ၊ ထိုင်းနိုင်ငံတွင် လုပ်ကိုင်နေသော အဖွဲ့များနှင့် စစ်ဘက်ထွက်ပြေးသူများ ဦးဆောင်သော ဆန်းသစ်သည့် လှုပ်ရှားမှုများအပါအဝင် လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအတွက် အခွင့်အလမ်းများ ပိုမိုတိုးချဲ့ရန် ကြိုးပမ်းသင့်ပါသည်။ ၎င်းတို့သည် ကွဲပြားသော လူမှုအသိုက်အဝန်းများကို စုစည်းရန်နှင့် နိုင်ငံရေးနှင့် လူမှုရေး အပြောင်းအလဲများ ဖြစ်ပေါ်စေရာတွင် အထူးအရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေကြောင်း အသိအမှတ်ပြုရန် လိုအပ်ပါသည်။ (အောက်ပါစာပိုဒ်တွင်ကြည့်ပါ)။

### ဘောင် ၂။ ။ စစ်ဘက်ထွက်ပြေးသူများ ဦးဆောင်သည့် လှုပ်ရှားမှုများအပါအဝင် အခြားပါဝင်သူများအား ပံ့ပိုးခြင်း

စစ်အာဏာသိမ်းပြီးနောက်ပိုင်း အရပ်ဘက်လူမှုအဖွဲ့အစည်းတွင် အရေးပါသော အပြောင်းအလဲတစ်ရပ်မှာ စစ်ဘက်တပ်နယ်များမှ ထွက်ပြေးလာကာ CDM (ပြည်သူ့အာဏာ ဖီဆန်ရေး လှုပ်ရှားမှု) တွင် ပူးပေါင်းပါဝင်လာသူများ ဖြစ်သည်။ ယခင်က အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တိုးတက်ရေးလှုပ်ရှားမှုများမှ ကင်းကွာနေခဲ့သော်လည်း ယခုအခါ ၎င်းတို့သည် တော်လှန်ရေးအတွက် ဖန်တီးမှု၊ နက်နဲသောအမြင်နှင့် စွန့်စားအနစ်နာခံမှုများ ပံ့ပိုးလျက်ရှိသည်။ အတွေ့အကြုံ မရှိသေးသော်လည်း စစ်ဘက်ထွက်ပြေးသူများနှင့် ၎င်းတို့၏ဇနီးများသည် အပြင်မှာနေသော မြန်မာလူမျိုးများ၏ အလှူငွေများဖြင့် မိမိကိုယ်မိမိ ကူညီရေးအဖွဲ့များ၊ လူမှုရေးလုပ်ငန်းများနှင့် YouTube ချန်နယ်များကို တည်ထောင်ခဲ့ကြသည်။ ဤအခြေခံလူတန်းစား လှုပ်ရှားမှုများသည် နိုင်ငံရေးနှင့် လူမှုရေး အပြောင်းအလဲအတွက် အရေးပါပြီး ၎င်းတို့သည် စစ်မှန်ပြီး ဆန်းသစ်သော လှုပ်ရှားမှုများကို ပေးစွမ်းနိုင်သည်။ ထို့အပြင် ဤအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လူမှုပြန်လည်ပေါင်းစည်းရေးနှင့် စည်းလုံးညီညွတ်မှုလိုအပ်ချက်ကို အသိအမှတ်ပြုရာလည်း ရောက်သည့်အပြင် ဤအချက်သည် ရေရှည်ငြိမ်းချမ်းရေးအတွက် အဓိကလိုအပ်ချက်တစ်ရပ် ဖြစ်သည်။

၂။ **အရေးပေါ်ရန်ပုံငွေများကို လက်တွေ့အသုံးတည့်စေရန် လိုအပ်ပါသည်။** ဒေသခံ အမျိုးသမီးအခွင့်အရေးအဖွဲ့များသည် အခြေခံကျပြီး ပြောင်းလွယ်ပြင်လွယ်ရှိသော နှစ်ရှည်ရန်ပုံငွေထောက်ပံ့မှုများအတွက် အဆက်မပြတ် တောင်းဆိုခဲ့ကြသည်။ အလှူရှင်များသည် ၎င်းတို့၏ ရန်ပုံငွေစနစ်များကို ပြန်လည်သုံးသပ်ကာ အားနည်းချက်များကို ဖော်ထုတ်ပြီး နယ်စပ်ဖြတ်ကျော် အမျိုးသမီးလှုပ်ရှားမှုများကို ပံ့ပိုးနိုင်စွမ်းကို အကဲဖြတ်သင့်သည်။ အရေးပေါ်တုံ့ပြန်ရန် ရန်ပုံငွေများကို သဘောတူထားသော အချိန်ကာလအတွင်း ထောက်ပံ့မှုများ ပေးနိုင်ရန် အာရုံစိုက်သင့်ပြီး အရေးပေါ်လိုအပ်ချက်များကို ဖြေရှင်းနိုင်ရန် အမြန်ခွင့်ပြုချက်လုပ်ငန်းစဉ်များနှင့် ကြိုတင်ငွေပေးချေမှုများ ပါဝင်သင့်ပါသည်။

၃။ **မဟာမိတ်အဖွဲ့များ တည်ဆောက်ခြင်းနှင့်အတူ ပူးပေါင်းပါဝင်သော ရေရှည်သင်ယူမှုအခွင့်အလမ်းများကို ပေးအပ်ရန် လိုအပ်ပါသည်။** အကြံပေးခံယူခဲ့သည့် အစည်းအဝေးများတွင် နည်းပြမှု၊ လမ်းညွှန်မှုနှင့် အထူးလေ့ကျင့်သင်ကြားမှုများအပါအဝင် လိုအပ်ချက်နှင့်ကိုက်ညီသော သင်ယူမှုနှင့် ဖွံ့ဖြိုးရေးအခွင့်အလမ်းများ လိုအပ်ကြောင်း ထင်ဟပ်ပြသခဲ့ပါသည်။ သင်ယူမှုရည်မှန်းချက်များသည် သာမန် ရက်တို “အမျိုးသမီး ခေါင်းဆောင်မှု” လေ့ကျင့်သင်ကြားမှုများကို ကျော်လွန်ကာ ရေရှည် (အနည်းဆုံး တစ်နှစ်ကြာ)၊ ဖီမီနစ်ဝါဒီ စိတ်ဓာတ်နှင့် အလေ့အကျင့်များ၊ ပါဝင်သူများ၏ ပြဿနာဆန်းစစ်မှုစွမ်းရည်နှင့် နည်းပညာကျွမ်းကျင်မှုများ တည်ဆောက်ရန်ကို အဓိကထားသင့်ပါသည်။ မြန်မာနိုင်ငံတွင် အတွေ့အကြုံရှိ အမျိုးသမီး ငြိမ်းချမ်းရေးတည်ဆောက်သူများသည် ရေရှည်နှင့် လိုအပ်ချက်နှင့်ကိုက်ညီသော လမ်းညွှန်မှုများကို ပေးနေသော်လည်း အကန့်အသတ်ဖြင့်သာ ဖြစ်ပါသည်။ အကျိုးသက်ရောက်မှု အများဆုံးဖြစ်စေရန်၊ နိုင်ငံရေးပါဝင်မှု အဆင့်အမျိုးမျိုးရှိ ပိုမိုကျယ်ပြန့်သော အကျိုးသက်ဆိုင်သူများထံ ရောက်ရှိစေရန် ညှိနှိုင်းထားသော လမ်းညွှန်မှုအစီအစဉ်များစွာကို တစ်ပြိုင်နက် လုပ်ဆောင်သင့်ပါသည်။



# ၄။ နိဂုံးချုပ်

ဤအစီရင်ခံစာအရ မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် အကျပ်အတည်းကာလများတွင် အရေးပါမှု နည်းပါးသော ပါဝင်သူများမဟုတ်ပဲ၊ လူမှုအသိုက်အဝန်းများ ရှင်သန်ရပ်တည်ရေး၊ အာဏာရှင်စနစ်ကို ခုခံတွန်းလှန်ရေးနှင့် အခြေခံမှုစတင်၍ ကျယ်ပြန့်သော အုပ်ချုပ်ရေးစနစ်တည်ဆောက်ရေးတို့တွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြောင်း အတည်ပြုထားသည်။ ပဋိပက္ခဒဏ် ခံစားနေရသော၊ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းနေသည့် နှင့် နိုင်ငံရေး ဖိနှိပ်မှုများရှိသည့် အခြေအနေများတွင် အမျိုးသမီးများသည် နည်းဗျူဟာကျကျ၊ ဘက်စုံထောင့်စုံမှ ချဉ်းကပ်ပြီး သတ္တိရှိရှိ ဦးဆောင်လျက်ရှိသည်။ ၎င်းတို့သည် အရင်းအမြစ်များကို လက်ဝါးကြီးအုပ် ထုတ်ယူသော စီးပွားရေးစနစ်ကို စိန်ခေါ်နေခြင်း၊ စစ်အာဏာရှင်စနစ်၏ အယူအဆများကို ဆန့်ကျင်တိုက်ခိုက်နေခြင်းနှင့် တိုင်းရင်းသား၊ မျိုးဆက်၊ ဂျဲန်ဒါကွဲပြားမှုများကို ကျော်လွန်ကာ စည်းလုံးညီညွတ်မှု၏ ပုံစံသစ်များကို တည်ဆောက်လျက်ရှိသည်။

ထိုသို့ ဦးဆောင်မှုများရှိပါလျက်၊ အမျိုးသမီးများသည် ထိရောက်သော ပါဝင်ဆောင်ရွက်မှုအတွက် ကြီးမားသည့် စနစ်တကျဖွဲ့စည်းထားသော အဟန့်အတားများကို ရင်ဆိုင်နေရဆဲဖြစ်သည်။ ဤအဟန့်အတားများသည် လိင်အခြေပြု ခွဲခြားမှုများအပြင်းထန်ရှိပြီး၊ လုံခြုံမှုကင်းမဲ့ခြင်း၊ စစ်အာဏာရှင်စနစ်၊ ဂေဟစနစ်ပြိုလဲခြင်းနှင့် ဖိနှိပ်သည့် ကျားမအခြေပြု အုပ်ချုပ်ရေးစနစ်တို့၏ ပေါင်းစပ်သက်ရောက်မှုကြောင့် ပိုမိုဆိုးရွားလာနေသည်။ သဘာဝပတ်ဝန်းကျင် ကာကွယ်သူ အမျိုးသမီးများသည်လည်း တိုက်ခိုက်ခံရခြင်းနှင့် တရားစွဲဆိုခြင်းများ ခံနေရသည်။ LGBTQIA+ အခွင့်အရေးလှုပ်ရှားသူများသည် စနစ်တကျဖယ်ကျဉ်ထားခြင်းကို ရင်ဆိုင်နေရသည်။ အခြေခံလူတန်းစား ခေါင်းဆောင်များကိုလည်း "နည်းပညာဆိုင်ရာ အရည်အချင်းမပြည့်မီခြင်း"ဆိုသည့် အကြောင်းပြချက်ဖြင့် နိုင်ငံရေးလုပ်ငန်းစဉ်များမှ ဖယ်ထုတ်ထားသည်။ စိတ်ဒဏ်ရာ၊ အိုးမဲ့အိမ်မဲ့ဖြစ်ခြင်းနှင့် အွန်လိုင်းအန္တရာယ်များကြောင့် ၎င်းတို့၏ လုံခြုံမှုနှင့် ဦးဆောင်နိုင်စွမ်းများ တဖြည်းဖြည်း ဆုတ်ယုတ်လျက်ရှိသည်။

ငြိမ်းချမ်းရေးနှင့် ပါဝင်ဆောင်ရွက်မှုဆိုင်ရာ အယူအဆများကိုလည်း ပြန်လည်ဆန်းစစ်သင့်ပါသည်။ အမျိုးသမီးများ ပါဝင်မှုသည် အဓိပ္ပါယ်ရှိစေရန်အတွက် ကိန်းဂဏန်းဆိုင်ရာ ကိုယ်စားပြုမှုကို ကျော်လွန်၍ နိုင်ငံရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ပြန်လည်ပုံဖော်ရမည်ဖြစ်သည်။ ဤအတွက် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှု၊ သဘာဝဘေးအန္တရာယ်ပြန်လည်ထူထောင်ရေး၊ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးနှင့် ရာသီဥတုလုပ်ဆောင်ချက်များတွင် အမျိုးသမီးများ၏ဦးဆောင်မှုကို ပံ့ပိုးရန် လိုအပ်ပါသည်။ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ၊ အမျိုးသမီးများအပေါ် ထားရှိသည့်စီးပွားရေးအမြင်များနှင့် ရေရှည်စိတ်ပိုင်းဆိုင်ရာပြုစုစောင့်ရှောက်မှုများအတွက် အရင်းအနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် လိုအပ်ပါသည်။ ထို့အပြင် စစ်အာဏာရှင်စနစ်ကို လက်နက်ကိုင်အကြမ်းဖက်မှုစနစ်တစ်ခုအနေဖြင့်သာမက ဖိနှိပ်မှု၊ ဖယ်ကျဉ်မှု၊ အာဏာလွှမ်းမိုးမှုနှင့် ထိန်းချုပ်မှုဆိုင်ရာ ဂျဲန်ဒါအခြေပြု အယူအဆတစ်ရပ်အဖြစ် ရင်ဆိုင်တိုက်ဖျက်ရန် လိုအပ်ပါသည်။

အနာဂတ်လမ်းကြောင်းကို ဖီမီနစ်ဝါဒီ ငြိမ်းချမ်းရေးတည်ဆောက်မှုများဖြင့် ပုံဖော်ရမည်။ ထိုလမ်းကြောင်းတွင် ဂရုစိုက်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ တာဝန်ယူမှုနှင့် တရားမျှတမှုတို့ကို ဦးစားပေးရမည်။ မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် အရင်းရှင်စနစ်၏ အရင်းအမြစ်လုယက်မှုကို ခုခံတွန်းလှန်ခြင်း၊ ဖက်ဒရယ်စနစ်အသစ်များကို ပြန်လည်ရေးဆွဲခြင်းနှင့် လူတိုင်းဂုဏ်သိက္ခာရှိရှိ နေထိုင်နိုင်မည့် အနာဂတ်အတွက် မပြတ်မလပ် ကြိုးပမ်းနေမှုများဖြင့် ဤချဉ်းကပ်မှုပုံစံကို ရှေ့ဆောင်လျက်ရှိပါသည်။ နိုင်ငံတကာမဟာမိတ်များသည် အပေါ်ယံသဘောမျိုးဖြင့် ပံ့ပိုးမှုမျှမဟုတ်ဘဲ အမျိုးသမီးများ ပဋိပက္ခအတွင်းအသက်ရှင်ကျန်ရစ်နိုင်ရေးသာမက ပဋိပက္ခပြီးခေတ် ငြိမ်းချမ်းရေးကိုပါ ပုံဖော်နိုင်ရန်အတွက် နိုင်ငံရေး၊ ဘဏ္ဍာရေးနှင့် အင်စတီကျူးရှင်းနယ်ပယ်ဆိုင်ရာ အခြေအနေများကို အတူတကွ ဖန်တီးပေးရန် လိုအပ်ပါသည်။

# ပူးတွဲဖော်ပြချက် - သုတေသနနည်းလမ်း

ဤသုတေသနကို မြန်မာနှင့် ယူကေမှ အမျိုးသမီး (၂) ဦးပါဝင်သော အဖွဲ့မှ ဦးဆောင်ပြုလုပ်ခဲ့ပြီး အရည်အသွေးဆိုင်ရာ နှင့် ဂျန်ဒါတန်းတူညီမျှမှုကို အလေးထားသော ပဋိပက္ခ ဆန်းစစ်လေ့လာမှုများကို အသုံးပြုခဲ့သည်။ ယခင်သုတေသနများနှင့် အစီရင်ခံစာများကိုလည်း အထောက်အကူအဖြစ် အသုံးပြုခဲ့သည်။ အဓိက လိုက်နာကျင့်သုံးခဲ့သည့် နည်းလမ်းများတွင် ပဋိပက္ခနှင့်သက်ဆိုင်သော အနုစိတ်အချက်များကို ထည့်သွင်းစဉ်းစားခြင်း၊ စိတ်ဒဏ်ရာကို အခြေခံသော ချဉ်းကပ်နည်းများ၊ ဒီဂျစ်တယ်လုံခြုံရေး၊ အချက်အလက်များရရှိရန် လွယ်ကူမှုနှင့် သိရှိသဘောတူခွင့်ပြုချက်တို့ ပါဝင်သည်။ ပဋိပက္ခနှင့်ဆက်စပ်သော အခက်အခဲများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် အန္တရာယ်စီမံခန့်ခွဲမှုစနစ်ဖြင့် လိုအပ်သလို ပြောင်းလဲဆောင်ရွက်နိုင်ရန် လုံလောက်သော ပြင်ဆင်မှုများ ပြုလုပ်ထားခဲ့သည်။

တစ်ဆင့်ခံ ပြန်လည်လွှဲပြောင်းထောက်ခံပေးသည့်ပုံစံ ကို အသုံးပြု၍ စုံလင်ကွဲပြားသော ပါဝင်သူ ၅၈ ဦးထံ ရောက်ရှိခဲ့သည်။ အရည်အသွေးပြ အချက်အလက်အသစ်များကို ထပ်မံစုဆောင်းရာတွင် ထိုင်း၊ မြန်မာနှင့် အမေရိကန်ပြည်ထောင်စု မှ အဓိက သတင်းပေးသူများနှင့် တွေ့ဆုံမေးမြန်းခြင်း ၁၄ ကြိမ် (တစ်ချို့ကို လူချင်းတွေ့ဆုံ၍၊ တစ်ချို့ကို အွန်လိုင်းမှ) ပြုလုပ်ခဲ့သည်။ ထို့အပြင် ထိုင်းနိုင်ငံတွင် အကြီးစားဆွေးနွေးပွဲ (FGD) ၅ ကြိမ် ကျင်းပခဲ့ပြီး၊ ဆွေးနွေးပွဲတစ်ခုစီတွင် ပါဝင်သူ ၆ ဦးစီ (စုစုပေါင်း ၄၄ ဦး – အမျိုးသမီး ၃၉ ဦး၊ non-binary ၁ ဦး၊ အမျိုးသားအလိုက်ဖြစ်သောအမျိုးသမီး ၁ ဦး၊ အမျိုးသား ၃ ဦး) ပါဝင်ခဲ့သည်။ ပါဝင်သူများတွင် ကချင်၊ ပအိုဝ်း၊ ကရင်နီ၊ မွန်၊ ဗမာ၊ ရှမ်းနှင့် လူမျိုးပေါင်းစုံသူများ အပါအဝင်ဖြစ်ပြီး၊ အထူး လိုအပ်ချက်ရှိသော အမျိုးသမီး ၁ ဦး လည်း ပါဝင်ခဲ့သည်။

လက်ရှိ ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများနှင့် လူမဆန်စွာ ဖျက်ဆီးမှုများကြားတွင် အချက်အလက်စုဆောင်းရခြင်းသည် လုပ်ငန်းဆောင်တာပိုင်းဆိုင်ရာ အခက်အခဲများစွာကို ကြုံတွေ့ခဲ့ရသည်။ ထို့အပြင်၊ တွေ့ဆုံမေးမြန်းခဲ့သူအချို့သည် ရေကြီးမှုဒဏ်နှင့် ပဋိပက္ခသက်ရောက်ရာဒေသများမှ ဖြစ်သည်။ သုတေသနအဖွဲ့သည် လက်လှမ်းမီနိုင်မှုအခြေအနေနှင့် ပဋိပက္ခ၏ မတည်မငြိမ်ဖြစ်မှုတို့ကြောင့် နိုင်ငံတွင်းရှိ ရိုဟင်ဂျာအပါအဝင် လူမျိုးစုနှင့် ဘာသာပေါင်းစုံမှ တုံ့ပြန်သူများ အားလုံးကို တွေ့ဆုံမေးမြန်းနိုင်ခြင်း မရှိခဲ့ပါ။ ထို့အပြင်၊ တော်လှန်ရေးအုပ်စုများ ထိန်းချုပ်ထားသော ဒေသများတွင် လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေခြင်းကြောင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲရေး ဌာနအသီးသီးသို့ ဝင်ရောက်နိုင်မှု ကန့်သတ်ခံခဲ့ရသည်။ ထို့အပြင်၊ ထင်ရှားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားသူများသည် ရေဘေးသင့်ဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်နေရသဖြင့် အချက်အလက်စုဆောင်းချိန်အတွင်း တွေ့ဆုံမေးမြန်းနိုင်မှု အတိုင်းအတာတစ်ခုအထိ ကန့်သတ်ခံခဲ့ရသည်။

ပါဝင်သူများအနေဖြင့် ဂျန်ဒါ ရေးရာ၊ ငြိမ်းချမ်းရေး၊ နိုင်ငံရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းအရာများ ဆက်စပ်မှုကို ကိုင်တွယ်ဖြေရှင်းရာတွင် အဆင့်အလိုက် ကွဲပြားသော ယုံကြည်မှုအခြေအနေများကို ပြသခဲ့ကြသည်။ သဘာဝအရင်းအမြစ်စီမံခန့်ခွဲရေး ကျွမ်းကျင်သူများက ဂျန်ဒါ ရေးရာဆိုင်ရာ အသိပညာ လိုအပ်ချက်များကို အသိအမှတ်ပြုခဲ့ကြသော်လည်း၊ အမျိုးသမီးများ၏ အခွင့်အရေး လှုပ်ရှားသူများသည် ကနဦးတွင် သူတို့၏လုပ်ငန်းများကို ပတ်ဝန်းကျင် ငြိမ်းချမ်းရေး တည်ဆောက်မှုနှင့် ဆက်စပ်ရန် အခက်အခဲရှိခဲ့ကြသည်။ ဆွေးနွေးမှုများကို ပြန်လည်ပုံဖော်ခြင်းဖြင့် ၎င်းတို့၏ အမြင်သဘောထားများနှင့် ကျွမ်းကျင်မှုများကို ပြန်လည်အသိအမှတ်ပြုနိုင်ခဲ့ကြသည်။ သုတေသနကာလအတွင်း မုန်တိုင်း ယာဂီ၏ သက်ရောက်မှုများသည် ဂျန်ဒါ တန်းတူညီမျှရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ အပြန်အလှန် သက်ရောက်နေမှုကို ပိုမိုထင်ရှားစေခဲ့သည်။

သုတေသနအဖွဲ့သည် ရလဒ်များအား အတည်ပြုခြင်းလုပ်ငန်းစဉ်ကို ပြီးမြောက်ရန် စီစဉ်ထားသော်လည်း အချိန်ကာလ အပြောင်းအလဲများကြောင့် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပေ။ အစားထိုးအနေဖြင့် သုတေသနပညာရှင်တစ်ဦးက အမျိုးသမီးများ အဆင့်အတန်း ကော်မရှင် (CSW 69) တွင် တက်ရောက်ခဲ့သော ပါဝင်သူများအား အဓိကတွေ့ရှိချက်များကို နှုတ်ဖြင့် မျှဝေခဲ့ရာ ပါဝင်သူများက ထိုတွေ့ရှိချက်များကို ထောက်ခံသဘောတူညီခဲ့ကြသည်။ နောင်လုပ်ငန်းစဉ်များတွင် သုတေသနအဖွဲ့သည် စိတ်ဝင်စားသော ပါဝင်သူများအတွက် အတည်ပြုခြင်းနှင့် သုံးသပ်ခြင်းကာလကို သတ်မှတ်ထားသည့်အချိန်ဇယားအတွင်း စနစ်တကျထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်သည်။



ကျွန်ုပ်တို့သည် ဤအရေးကိစ္စများနှင့် အခြားသော စိန်ခေါ်မှုများကို ဖြေရှင်းရန် နေ့စဉ်ရဲရင့်စွာ စွန့်စားလုပ်ကိုင်နေကြသော မြန်မာနိုင်ငံရှိ ကျွန်ုပ်တို့၏ညီအစ်မများနှင့် မဟာမိတ်များအား အနက်ရှိုင်းဆုံး ကျေးဇူးတင်ရှိပါသည်။ တရားမျှတမှု၊ ငြိမ်းချမ်းရေးနှင့် တန်းတူညီမျှမှုအတွက် ရုန်းကန်လှုပ်ရှားနေရသည့် အလုပ်များကြားမှာပင် ကျွန်ုပ်တို့အား အချိန်ပေးတွေ့ဆုံပြီး သင်တို့၏အတွေ့အကြုံများနှင့် ကျွမ်းကျင်မှုများကို မျှဝေပေးခဲ့သည့်အတွက် အထူးကျေးဇူးတင်ရှိပါသည်။

# မှတ်စုများ


1 International Crisis Group, *Myanmar's Coup Shakes its Ethnic Conflicts*, 12 March 2021; International Crisis Group, *The Cost of the Coup: Myanmar Edges Toward State Collapse*, Asia Briefing No. 174, 1 April 2022.

2 International Crisis Group, *Responding to the Myanmar Coup*, Asia Briefing No. 166, 16 February 2021.

3 UN Human Rights Office, *Myanmar: UN Experts Urge Course Correction as Civilian Deaths Exceed 6,000*, 4 December 2024, https://www.ohchr.org/en/press-releases/2024/12/myanmar-un-experts-urge-course-correction-civilian-deaths-exceed-6000.

4 Ibid.

5 Office for the Coordination of Humanitarian Affairs, *Myanmar Humanitarian Update No. 36,* 3 March 2024.

6 Reuters, "UN's Food Agency WFP to Cut Aid for about a Million People in Myanmar", 14 March 2025.

7 United Nations Office for the Coordination of Humanitarian Affairs (OCHA), "Myanmar: Earthquake Response Situation Report No. 4", 25 April 2025, https://www.unocha.org/publications/report/myanmar/myanmar-earthquake-response-situation-report-no-4-25-april-2025.

8 Global Witness, "Myanmar's Poisoned Mountains", 9 August 2022, https://globalwitness.org/en/campaigns/transition-minerals/myanmars-poisoned-mountains/; Global Witness, "Fuelling the Future, Poisoning the Present: Myanmar's Rare Earth Boom", 23 May 2024, https://globalwitness.org/en/campaigns/transition-minerals/fuelling-the-future-poisoning-the-present-myanmars-rare-earth-boom/; Min Maung, "Five Children among 32 Killed in Hpakant Jade Mining Mudslide", *Myanmar Now,* 16 January 2025,https://myanmar-now.org/en/news/five-children-among-32-killed-in-hpakant-jade-mining-mudslide/.

9 Focus Group Discussion with women leaders and environmental activities, 11 November 2024.

10 UN Human Rights Council, "The Economic Interests of the Myanmar Military. Independent International Fact-Finding Mission on Myanmar. Forty-second session, Agenda 4", 9–27 September 2019, https://www.ohchr.org/en/hr-bodies/hrc/myanmar-ffm/economic-interests-myanmar-military; Tin Shine Aung, "Saffron Washing: The Myanmar Military's Exploitation of Buddhism", *The Diplomat,* September 2024, https://thediplomat.com/2024/09/saffron-washing-the-myanmar-militarys-exploitation-of-buddhism/.

11 Women4Biodiversity, *Guardians of the Forest: Women Environmental Defenders in Myanmar*, December 2023, https://women4biodiversity.org/16-days-of-activism-against-gbv-women-environmental-defenders-in-myanmar.

12 Consultations with communities organised by ALTSEAN Burma and IWRAW, Asia Pacific for *Inclusive Federal Economic Policy Propositions* (forthcoming); Catriona Knapman, *Strong Roots: Understanding the Importance of Myanmar's Indigenous Women as Leaders in Developing Climate Change Solutions*, International Work Group for Indigenous Affairs, 2024, https://iwgia.org/en/resources/publications/3999-iwgia-strong-roots.html.

13 Focus Group Discussion with women environmental activists, 12 November 2024.

14 Radio Free Asia, "Chinese Workers Return to Copper Mines in Myanmar Despite Attacks", 13 May 2024, https://www.rfa.org/english/news/myanmar/chinese-workers-return-copper-mines-myanmar-05132024160209.html.; Debby Sze Wan Chan and Ngai Pun, "Renegotiating Belt and Road Cooperation: Social Resistance in a Sino–Myanmar Copper Mine", *Third World Quarterly* 41, no. 12 (2020): 2109–2129.

15 Focus Group Discussion with activists and women's rights organisations, 6 November 2024.

16 Chan and Pun, "Renegotiating Belt and Road Cooperation".

17 Key Informant Interview with Myanmar natural resource management/local governance expert, 28 October 2024.

18 Key Informant Interview with women's rights leader, 4 November 2024; Focus Group Discussion with women environmental defenders, 1 October 2024.

19 UN Women, "Regressing Gender Equality in Myanmar: Women Living under the Pandemic and Military Rule", 2022, https://www.undp.org/myanmar/publications/regressing-gender-equality-myanmar-women-living-under-pandemic-and-military-rule.

20 Key Informant Interview with Myanmar natural resource management/local governance expert, 28 October 2024.

21 Ibid.

22 Joint Research Centre (European Commission), INFORM Report 2024: 10 Years of INFORM – Shared Evidence for Managing Crises and Disasters, 2024, https://op.europa.eu/en/publication-detail/-/publication/b0ac7f32-e4f1-11ee-8b2b-01aa75ed71a1/language-en.data.humdata.org.

23 Stockholm International Peace Research Institute (SIPRI), "Climate, Peace and Security Fact Sheet: Myanmar", 2 May 2024.

24 International Organization for Migration, "Climate, Environmental Degradation and Disaster Risk in Myanmar", 2022, https://crisisresponse.iom.int/response/myanmar-crisis-response-plan-2024#:~:text=The%20United%20Nations'%20Myanmar%20Information,risk%20(MIMU%2C%202022).; SIPRI, "Climate, Peace and Security."

25 ReliefWeb, "ACAPS Briefing Note Myanmar – Typhoon Yagi", 24 September 2024, https://reliefweb.int/report/myanmar/acaps-briefing-note-myanmar-impact-typhoon-yagi-24-september-2024.

26 UN Women, "Cyclone Mocha Makes Dire Situation Worse for Millions of Women and Children in Myanmar", 22 May 2023.

27 Esther Wah and Cindy Aung, *Alongside Women-Led Initiatives Crafting Gender-Responsive Climate Solutions in Myanmar,* Women Environmental Human Rights Defenders, 2024, http://www.abipa.indigenousburma.org/wp-content/uploads/2024/10/Briefer_Women-Environmental-WEHRDs.pdf; Knapman, *Strong Roots*.

28 Ibid.

29 Women's League of Burma, *Building the Triple Resistance: Women Leaders' Perceptions of Changes and Challenges a Year and a Half after the Coup in Burma*, 2024, https://www.womenofburma.org/sites/default/files/2024-01/Triple%20Resistance%20DESIGNED%20%26%20FINALISED.pdf; Key Informant Interview with Myanmar WPS expert, 30 October 2024.

30 Focus Group Discussion with women's leaders, Chiang Mai, Thailand, 11 November 2024; Key Informant Interview with Myanmar women's leader, 14 November 2024.

31 Key Informant Interview with international gender expert, 3 October 2024.

32 Alliance for Gender Inclusion in the Peace Process (AGIPP), *Women, Peace and Security Policymaking in Myanmar: Context Analysis and Recommendation*, 2015, https://www.inclusivesecurity.org/wp-content/uploads/2016/04/AGIPP-Policy-brief-1-Eng.pdf.

33 Peace Support Fund, The Women Are Ready: An Opportunity to Transform Peace in Myanmar, 2015, https://www.jointpeacefund.org/sites/jointpeacefund.org/files/documents/the_women_are_ready_english_1.pdf; AGIPP, *Women, Peace and Security Policymaking.*

34 AGIPP, Policy Brief #6: *What a Gender Sensitive National Dialogue Looks Like*, 2017.

35 AGIPP, *Women, Peace and Security Policymaking*; International Alert, *Rooting Out Inequalities: Women's Participation in Forest Management in Conflict-Affected Areas of Karen State in Myanmar,* 2020, https://www.international-alert.org/app/uploads/2021/08/Myanmar-Gender-Forest-Management-EN-2020.pdf.

36 UN-Habitat Myanmar, *Women Lead Climate Actions for Resilient Communities in Myanmar*, 2023.

37 Focus Group Discussion with women and non-binary activists, 12 November 2024.

38 Focus Group Discussion with women's leaders from Kachin, Mon, and Shan States, 2 October 2024.

39 Focus Group Discussion with women and non-binary activists, 12 November 2024.

40 Focus Group Discussion with women leaders, 2 October 2024.

41 Focus Group Discussion with women and non-binary activists, 12 November 2024.

42 The NUG is a shadow government created by a group of elected parliamentarians ousted in the 2021 coup. It aims to establish a federal, democratic Myanmar.

43 Focus Group Discussion with women leaders, 2 October 2024.

44 Ibid.

45 Key Informant Interview with a woman environmental organiser, 14 November 2024; Focus Group Discussion  with activists and women's rights organisations, 1 October 2024.

46 Focus Group Discussion with activists and women's rights organisations, 6 November 2024.

47 For a discussion of how the Myanmar military has exploited its ties to the Bamar Buddhist majority to consolidate power and control the country's resources, creating divisions with other ethnic and religious groups, see David I. Steinberg, *The Military in Burma/Myanmar: On the Longevity of Tatmadaw Rule and Influence*, ISEAS–Yusof Ishak Institute, 2021.

48 Key Informant Interview with Myanmar conflict expert/donor representative, 31 October 2024.

49 Focus Group Discussion with women and non-binary activists, 12 November 2024.

50 Ibid.

51 Women's League of Burma, *Building the Triple Resistance*.

52 Key Informant Interview with international gender expert, 3 October 2024; Key Informant Interview with international gender and conflict expert, 31 October 2024.

53 Women's League of Burma, *Building the Triple Resistance.*

54 Key Informant Interview with international gender expert, 3 October 2024.

55 UN Human Rights Council, *Courage Amid Crisis: Gendered Impacts of the Coup and the Pursuit of Gender Equality in Myanmar A/HRC/56/CRP.8.,* 1 July 2024, https://www.ohchr.org/sites/default/files/documents/hrbodies/hrcouncil/sessions-regular/session56/a-hrc-56-crp-8.pdf.

56 Shan Human Rights Foundation and Shan Women's Action Network, "License to Rape: The Burmese Military Regime's Use of Sexual Violence in the Ongoing War in Shan State", 1 May 2002, https://www.peacewomen.org/node/89660; Women's League of Burma, *System of Impunity: Nationwide Patterns of Sexual Violence By the Military Regime's Army and Authorities in Burma,* 2004, https://burmacampaign.org.uk/media/SYSTEM_OF_IMPUNITY.pdf; Anonymous, *Unheard Voices – Qualitative Research on Conflict-Related Sexual Violence in Myanmar,* 2022; UN OHCHR, *Fact Finding Mission: Sexual and Gender-Based Violence in Myanmar and the Gendered Impact of its Ethnic Conflicts – A/HRC/42/CRP.4*, 2019, https://www.ohchr.org/en/hr-bodies/hrc/myanmar-ffm/sexualviolence; UN Independent Investigative Mechanism for Myanmar, *Efforts to Investigate and Punish Sexual and Gender-Based Crimes against the Rohingya*, 2024, https://iimm.un.org/wp-content/uploads/2024/03/SGBC-Report_EN.pdf; Office of the Special Representative of the Secretary General on Sexual Violence in Conflict OSRSG-SVC annual reports, https://www.un.org/sexualviolenceinconflict/digital-library/reports/sg-reports/.

57 Focus Group Discussion with activists and women's rights organisations, 6 November 2024.

58 Ibid.

59 Focus Group Discussion with activists and women's rights organisations, 12 November 2024.

60 Focus Group Discussion with women leaders from Kachin, Mon and Shan States, 2 October 2024; Key Informant Interview with woman environmental activist, 14 October 2024.

61 Myanmar Witness and Sister to Sister, *Digital Battlegrounds: Politically Motivated Abuse of Myanmar Women Online,* 2023, https://www.info-res.org/app/uploads/2024/11/Digital-Battlefields-FINAL.pdf.

62 Ibid.

63 Democratic Voice of Burma, "How to Stop Online Harm and Abuse in Myanmar", 22 November 2024, https://english.dvb.no/how-to-stop-online-harm-and-abuse-in-myanmar/.

64 Focus Group Discussion with women leaders from Kachin, Mon and Shan States, 2 October 2024; Key Informant Interview with woman environmental activist, 14 October 2024.

65 Key Informant Interview, 31 October 2024.

66 Focus Group Discussion with activists and women's rights organisations, 6 November 2024.

67 Khin Khin Mra and Jenny Hedström, "'This Bra Protects Me Better than the Military': Bodies and Protests in the Myanmar Spring Revolution", *Journal of Contemporary Asia* 54, no. 5 (2024): 759–780; Elisabeth Olivius

and Jenny Hedström, "Militarized Nationalism as a Platform for Feminist Mobilization? The Case of The Exiled Burmese Women's Movement*", Women's Studies International Forum*, 76 (2019): 102263.

68 Focus Group Discussion with women's leaders, 1 October 2024. A Kachin environmental and human rights defender provided this quote.

69 Key Informant Interview with Myanmar conflict expert/donor representative, 31 October 2024.

70 Soumita Basu, Paul Kirby and Laura Shepherd, *New Directions in Women, Peace and Security* (Bristol University Press, 2020).

71 Mra and Hedström, "'This Bra Protects Me'".

72 Key Informant Interview with women's strike group leader, 14 November 2024.

73 Thinking and Working Politically Community of Practice website, https://twpcommunity.org.

74 Focus Group Discussion with CDMers, 6 November 2024.

75 Focus Group Discussion with activists and women's rights organisations, 1 October 2024.

76 Key Informant Interview with international humanitarian and peace donor, 18 November 2024.

*77 Ibid.*

78 Key Informant Interview with international gender expert, 3 October 2024.

79 Key Informant Interview with Myanmar WPS expert, 30 October 2024.

80 Key Informant Interview with international humanitarian and peace donor, 18 November 2024.

81 Focus Group Discussion with activists and women's rights organisations, 6 November 2024. Quote is from women's rights organisation founder and former PDF founder.

82 https://www.mhpssmyanmar.org/

83 safeGBVreporting initiative, *Gender-Based Crimes in Myanmar: 2024 Survey Analysis*, October 2024.

84 Key Informant Interview with international gender and conflict expert, 31 October 2024.

85 Focus Group Discussion with women leaders, 11 November 2024.

*86 Ibid*.

87 Focus Group Discussion with women leaders from Kachin, Mon and Shan States, 2 October 2024.

88 Key Informant Interview with international gender expert, 3 October 2024.

89 The researchers developed these graphics. They depict some of the strong women they met during the data collection process.

EUROPEAN INSTITUTE OF PEACE

European Institute of Peace
Rue des Deux Eglises 25
1000 Brussels, Belgium

www.eip.org
info@eip.org